www.burmeseclassic.com

ဝလေရှင်းဦးဝေ

အလံမထူခဲ့သော လက်များ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၈၅၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၇၂၀၃၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် - ၂၀၀၇ ခုနှစ်၊ မေလ
အုပ်ရေ ၁၀၀၊ တန်ဖိုး ၁၀၀၀ ကျပ်

မောင်မျိုး
(ကြောင်နှစ်ကောင်စာပေ)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

BURMESE CLASSIC

- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၁။	မနေ့တုန်းက	၅
၂။	လူနှင့် စုန်းတောက်သံများ	၁၃
၃။	ဖိနပ်စီးကြသူများ	၂၅
၄။	လူနှင့် ဆုံမှတ်များ	၃၁
၅။	လေစီးသံ	၄၅
၆။	လူနှင့် သူ၏စက်ရုပ်	၅၁
၇။	နတ္ထိကျမ်းစာ	၅၇
၈။	လူနှင့် နံနက်ခင်းတရား	၆၉
၉။	တစ်ပါးသွားအက်ဆေး	၇၅
၁၀။	လူနှင့် သူငယ်ချင်းရစ်သမ်	၈၁
၁၁။	အောက်ဆီဂျင်ပြတ်သွားတဲ့ နဂါး	၉၁
၁၂။	လူတစ်ယောက်၏ ကျောက်ဖြစ်ရုပ်ကြွင်း	၁၀၁

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းက

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သချာတာကတော့ ငါ မနေ့က အိပ်ရာက နိုးခဲ့တယ်။ လင်းကြက်မမြည်ပါဘူး။ နာရီကပဲ ခြောက်ချက်တွန်တယ်။ အိမ်အပေါ်ထပ်ကနေ လူနှစ်ယောက် ဆင်းလာတယ်။ တိရစ္ဆာန်အချို့ရဲ့အသားကို ခုတ်ထစ်ချက်ပြုတ် စားသောက်ကြတယ်။ သေချာတာကတော့ သူတို့နှစ်ယောက် ထွက်သွားပြီး ငါတစ်ယောက်တည်း ကျန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းကဆိုရင် လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် ထိုင်ရောင်းနေတယ်။ ဆိုင်ရှင် လူဝကြီးကလည်း အလိုအလျောက် ဝမြဲ ဝရဲ့။ လက်ဖက်ရည်ကျဆိမ့်ကတော့ လက်ဖက်ရည်ကျဆိမ့် ဖြစ်မလာခဲ့ဘူး။ လူတွေရဲ့ဗျည်းသံ၊ သရသံတွေကြားမှာ ငါ သွက်သွက်ခါတယ်။ အဲဒါနဲ့ပဲ 'ကဲဟယ်… ကဲဟယ်' ဆိုပြီး ချစ်သူကို အားရပါးရ ခြေသလုံးဖက်တောင်းပန်လိုက်တယ်။

မနေ့တုန်းကပေါ့။ နေလုံးကို ဝုန်းခနဲ မော့ကြည့်လိုက်တယ်။ ကောင်းကင်နဲ့ ငါဟာ ရာဇဝင်ကြွေး ရှိခဲ့ဖူးရဲ့။ ထန်းတစ်ဖျားမှာ စီးချင်းထိုးကြတယ်။ ဈေးထဲမှာ ရင်ဘတ်အကွဲတွေကို ချွေးသံတွဲလွဲနဲ့ တွေ့ရတယ်။ ချိန်ခွင်ပေါ် တက်ထိုင်ကြည့်တော့ ငါဟာ ကျပ်မပြည့်ဘူး။

(မနေ့က တစ်နေ့လုံး ဖေဖေလွမ်းလိုက်တာ သားလေးရယ်…)

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းက ငါဟာ အိမ်ပြန်ခဲ့တယ်။ လမ်းပေါ်မှာ လူတွေ အများကြီးရှိပေမယ့် ဘယ်သူမှ မရှိဘူး။ အိမ်ရောက်တော့ တံခါးက ငါ့ကို သော့ခတ်လိုက်တယ်။ အဲဒါနဲ့ပဲ ဘဝထဲကို ခွေးတိုးပေါက်က ဝင်ပြီး ကိုယ့်ကိုယ်ကို ခံတွင်းချဉ်လိုက်တယ်။ စာအုပ်တွေ စာအုပ်တွေ၊ ဖတ်စရာမကောင်းလောက်အောင် အဆီဖူးခါနေတဲ့ စာအုပ်တွေ ကွမ်းယာ မြန်မြန်ထုပ်ပါစေ။

မနေ့တုန်းကဆိုရင် ရုပ်ရှင်တစ်ကားကို ငါမြင်တယ်။ အဲဒီမင်းသမီးကို ကြည့်ရတာ တစ်ခုခု ကြီးနေသလိုပဲ။ လူအုပ်ထဲမှာ ငါပြာနှမ်းတယ်။ လှိုင်သာယာကနေ မြို့ထဲကို သွားရတာ အဝေးကြီးပဲတဲ့။ 'ဤခရီး နီးသလား' လို့ ငါရေရွတ်တယ်။ မနေ့တုန်းက ငါ သူငယ်တန်း ပြန်တက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းကဆိုရင် အာလာဒင်မီးခွက်ကို ငါမြင်တယ်။ လက်နဲ့ပွတ်လိုက်တော့ ထွက်လာတဲ့ ဘီလူးက ငါ့ကို ပြုံးကြည့်တယ်။ ဆပ်ကပ်အဖွဲ့ထဲမှာ သူ့ကို ရှုံတင်ချင်တယ်။ အဲဒီလို ငါတောင်းဆိုတော့ သူက ငိုတယ်။ 'အို... အေး... အေး... တိတ်ပါတော့ ဘီလူးကြီးရယ်...' လို့ ငါ ချော့မသိပ်ပါဘူး။ ငါ့ဘာသာငါပဲ အိပ်လိုက်တယ်။

မနေ့တုန်းက သီချင်းအုသံတွေကို ငါကြားတယ်။ စစ်နဲ့ ငြိမ်းချမ်းရေးကို မဖတ်ဖူးတာ အပြစ်မဟုတ်ပါဘူး။ ဂစ်တာက 'ရက်ပ်' အကနဲ့ ဒိုးထိုး ထောင်ထောင် လျှာထုတ်ပြတယ်။ မနေ့တုန်းကပေါ့။ ငါ့ မျောက်က, ကတယ်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းက နေညိုခဲ့တယ်။ ငါလည်း နည်းနည်းနဲ့ ကျဲကျဲပဲလင်းတယ်။ အရက်မသောက်တော့ဘူး။ ဆန်ပြုတ် ပြုတ်သောက်ရင် ကောင်းမလားလို့ ငါစဉ်းစားတယ်။ ပြောရင်းဆိုရင်းနဲ့ပဲ အဲဒီလူက တညင်းသီးဆားရည်စိမ်စော် နံလာတယ်။ အဲဒါနဲ့ပဲ သူများအိမ်ကို ငါပြန်လာတယ်။

မနေ့တုန်းက မိုးမလာဘူး။ ကမ္ဘာဦးလူရဲ့ သားရဲရနံ့ကို ငါယူတယ်။ တောအုပ်ဆီ လမ်းဆင်းလျှောက်တုန်း လူနှစ်ယောက် ပြန်ရောက်လာတယ်။ မြို့ထဲကနေ လှိုင်သာယာကို ပြန်လာရတာကလည်း အဝေးကြီးပဲတဲ့…။ ငါ့ခေါင်းက ဒဏ်ရာလည်း မကျက်သေးဘူး။ ဘာနဲ့ချက်ရင်ကောင်းမလဲ…။ အဲဒီလိုနဲ့ပဲ ကောက်ပဲသီးနှံတချို့ကို ငါစားတယ်။ ငါ့ကိုယ်ငါ သွားကြားညှပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့တုန်းက ငါ ပြန်အိပ်မက်မက်တယ်။ ကြယ်စင်တွေ ကြိုးပြတ်ကျတော့ ငါဟာ ဖျော့တော့လို့။ မနေ့တုန်းက ရထားမလာဘူး။ အဲဒါကြောင့် ကလေးခပါ ပေးမစီးရဘူး။ မနေ့တုန်းက ငါ အသက်နည်းနည်းရှင်တယ်။ ငါ့အကြောင်း ငါသိလို့ မကြာတော့မှန်းလည်း နားလည်တယ်။ ငါ့ကိုယ်ငါ မျှော်ခေါ်ကြည့်ရမလား။ ငါ့ကိုယ်ငါ လည်ပြန်ကြည့်ရမလား။ မနေ့တုန်းက ငါစဉ်းစားတယ်။ နောက်ဆုံးမှာ ဒီအတိုင်းပဲ ပြန်ကြည့်လိုက်တော့...

အိုး...

'မနေ့တုန်းက'... ကိုပဲ မြင်တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

လူနှင့် ရှုန်းတောက်သံများ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လှူန့်စုန်းတောက်သံများ

တာရာမင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသည်နှင့်အမျှ အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းတစ်ခုဟု သူတွေးထင်မိလေသည်။

ဖယောင်းတိုင်ထွန်းထားသော အခန်းတစ်ခန်းသည် အမှန်ဆိုလျှင် ညည်းသို့မှ စိတ်ဝင်စားဖွယ်ရာ မကောင်းပါ။ သို့သော် ယခုလို အနေအထား မျိုးမှာတော့ ထူးခြားနေသည်။ သူ မမှိတ်မသုန် ငေးကြည့်နေမိစဉ်မှာပဲ မရေရာသောအာရုံတစ်ခုကို ဝိုးတဝါးမြင်ရသလို ခံစားရပြန်၏။ အဖြစ် အပျက်က ထိုသို့ဖန်တီးနေခြင်း ဖြစ်လေ၏။

လူချမ်းသာတို့၏ တိုက်ခန်းအိမ်ရာတစ်ခုသို့ သူရောက်နေခြင်း ဖြစ်၏။ တစ်ကိုယ်ရေ လာရောက်နေထိုင်ပြီး ကိုယ့်အလုပ်သာ ကိုယ်အာရုံ စိုက်တတ်သဖြင့် သူ့တိုက်ခန်းမှာ ဘာမှ မပြည့်စုံပါ။ ထမင်းတို့ ဆိုင်မှာ သွားစားပြီး ညကျတော့ စောင်ကို ခေါင်းမြီးခြုံ၍ ဖြစ်သလို အိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားကိုလည်း လျှော့ဖွပ်ပြီး (တိုက်စရာ မီးပူမရှိသဖြင့်) ဤအတိုင်းပင် တွန့်တွန့်ကြေကြေဝတ်သည်။ သူ့ဘဝကလည်း လူချမ်းသာတွေကြားထဲမှ တွန့်တွန့်ကြေကြေဘဝပင် ဖြစ်သည်။

သူ့တွင် စလောင်းမရှိ။ တီဗွီမရှိ။ အလုပ်နားချိန်ဆိုလျှင် ဝရန်တာမှာ ခုံလေးတစ်လုံးနှင့် ထိုင်ပြီး ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် ငေးနေရခြင်းသည်သာ တစ်ခုတည်းသော စိတ်အပန်းဖြေစရာအဖြစ် ရှိသည်။ ပတ်ဝန်းကျင်ဆိုသည်ကလည်း ဝန်းပတ်ကျယ်ပြန့်လှသည် မဟုတ်ပါ။ တိုက်ခန်းများ...။ ထိုမှလွန်လျှင်လည်း အခြားအခြားသော တိုက်ခန်းများ။ လေးထပ်အထိ ဆောက်လုပ်ထားသော သန့်ပြန့်လှပ တိုက်ခန်းများ။ (သူနေထိုင်သည်က တတိယထပ်မှာ ဖြစ်သည်။)

ဤယနေ့ညမှာ မီးပျက်သည်။ အခြားအခန်းများကတော့ (ကြေးရတတ် လူတန်းစားများဖြစ်သည်နှင့် အညီ) မီးစက်ထွန်းသူက ထွန်း၊ အင်ဗာတာဖွင့်သူက ဖွင့်နှင့် ချက်ချင်းဆိုသလို မီးပြန်လင်းကြသည်။ ဤတိုက်ခန်းအိမ်ရာကြီး မီးပျက်နေသည်ဟုပင် မထင်ရတော့ချေ။ သူ့မှာသာ ဖယောင်းတိုင်လေးတစ်တိုင်ထွန်းပြီး အမှောင်ထဲမှာ တိတ်ဆိတ်စွာ ထိုင်နေရတော့သည်။

ထိုအချိန်မှာပင် ထူးဆန်းသည်ဟု ဆိုမိသော ထိုမြင်ကွင်းကို မြင်မိခြင်းဖြစ်၏။ ထိန်ထိန်ညီးသော လျှပ်စစ်တိုက်ခန်းများကြားမှာ သူ့လိုပင် ဖယောင်းတိုင်တစ်တိုင်နှင့် မှေးမှိန်ငြိမ်သက်နေသော တိုက်ခန်းတစ်ခန်းကို မြင်လိုက်ရခြင်း ဖြစ်သည်။ ထိုတိုက်ခန်းသည် သူ့တိုက်ခန်း၏ ခေါင်ခတ်ခန့်တွင် ရှိပြီး သူ့လိုပဲ တတိယထပ်မှ အခန်းတစ်ခန်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခန်းကို သူ ငေးကြည့်နေမိသည်။ ယိမ်းနွဲ့နေသော ဖယောင်းတိုင်မီးညွန့်နှင့်အတူ မိန်းမတစ်ဦး၏အရိပ်သဏ္ဌာန်ကို ကပိုကရို မြင်ရသည်။ သဲကွဲမှုကား မရှိ။ မြင်တွေ့ရသည်ကလည်း ခဏတာမျှသာ ဖြစ်ပြီး ထိုမိန်းမက အတွင်းခန်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသည်။ အချိန်အတော်ကြာ ဆက်ငေးနေမိသည့်တိုင်အောင် မည်သည့် လှုပ်ရှားမှုကိုမျှ မမြင်ရတော့ပါ။ ထိုမိန်းမကို မတွေ့ရတော့သည်က ထားဦး... အခြားလူများ အခြားအိမ်သားများကိုလည်း မတွေ့ရချေ။

သူမမှာ မီးစက်၊ အင်ဗာတာ စသည်တို့ မရှိ၍လည်း မဟုတ်နိုင်။ အဘယ်ကြောင့်ဆိုသော် သူမ၏အခန်းဆီမှ ဘလစ်တန်၏ တေးသွားများကို ခပ်သဲ့သဲ့ ကြားနေရသောကြောင့် ဖြစ်သည်။ (ဓာတ်ခဲကက်ဆက်နှင့် ဖွင့်သည်ဆိုလျှင်တော့ မပြောနိုင်) မည်သို့ပင်ဖြစ်စေ စဉ်းစားစရာက ရှိလာသည်။ သူမသည်လည်း သူ့လိုပင် တစ်ကိုယ်ရေနေထိုင်သူပဲလား...။

ထိုသို့ဆိုလျှင်တော့ မသင့်တော်ချေ...။ ကိုယ်က ယောကျ်ားလေးမို့ ပူစရာ သိပ်မဟုတ်သော်လည်း မိန်းကလေးတစ်ယောက်အဖို့တော့ စိုးရိမ်စရာဖြစ်လိမ့်မည်။ မိန်းမတစ်ယောက်နှင့် ဖယောင်းတိုင် တစ်တိုင်သည် မည်သည့်အရာများကို ရင်ဆိုင်နိုင်သနည်း။ လေတိုက်၍ ဖယောင်းတိုင်မီးညွန့်က ရုန်းလွန့်သောအခါတွင် ထိုမိန်းမ၏ အရိပ်သဏ္ဌာန်ကလည်း ယိမ်းနွဲ့တုန်ခါနေသည်။ ထိုမိန်းမက အခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီးချိန်မှာ ဖယောင်းတိုင်ကသာ အရည်ပျော်နေသော ကျောက်ဆစ်တိုင်လို ကျန်ရစ်ခဲ့သည်။

ထိုမိန်းမကို အသေအချာ သူမမြင်ရပါ။ မိန်းမပျိုတစ်ဦး ဖြစ်ကြောင်း မှန်းဆမိသည်က လွဲ၍ အခြား ဘာကိုမှ မဖွင့်ဆိုနိုင်ပါ။ နောက်နေ့ရော

ကြောင်နှစ်ကောင် [illegible]

www.burmeseclassic.com

စကားဝိုင်းဖွဲ့သူတွေလာလျှင် ဤအကြောင်းကို ပြောပြကြည့်ဦးမည်ဟု သူ စိတ်ကူးမိ၏။

အခြားတိုက်ခန်းများမှ အားလပ်နေသူအချို့က တစ်ကိုယ်တည်းနေသော သူ့အခန်းတွင် လွတ်လပ်စွာ စကားဝိုင်းဖွဲ့လေ့ရှိသည်။ လူမှုရေး၊ စီးပွားရေး၊ ကမ္ဘာ့အရေး၊ အနုပညာအရေး စသည်ဖြင့် အကြောင်းအရာတွေက စုံလှသည်။ အထူးသဖြင့် ပြောကြသည်ကတော့ ဘောလုံးအကြောင်း။

နောက်တစ်နေ့ သူ့အိမ်၌ စကားဝိုင်းဖွဲ့ဖြစ်သောအခါ သူက ထိုမိန်းမနှင့် ထိုအနေအထားအကြောင်းကို စကားမစပ် မေးကြည့်ဖြစ်၏။ ဘာရယ်မဟုတ်သလို ရိုးရိုးကလေး မေးကြည့်မိခြင်း ဖြစ်ပါ၏။

"ဟိုဘက်တိုက် တတိယထပ်အခန်းက ဘယ်သူတွေ နေတာလဲဗျ"

သူတို့တွေ ရုတ်တရက် အသံတိတ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ပြီးမှ တစ်ဦးက မျက်မှောင်ကြုတ်ကာ စိမ်းစော်နံသောလေသံဖြင့် ပြန်မေးသည်။

"ဘာဖြစ်လို့လဲဗျ"

သူက သူကြုံတွေ့ရပုံနှင့် နားလည်ရခက်မိပုံကို စင်းစင်းရှင်းရှင်း ပြောပြလိုက်၏။ စိတ်ဝင်စားဟန်မပြသော်လည်း သူတို့အားလုံးက လုံးစေ့ပတ်စေ့တော့ နားထောင်ကြ၏။ သူ့စကားဆုံးပြီး ခဏကြာမှ တစ်ဦးက...

"သူက အဲဒီတိုက်ခန်းမှာ တစ်ယောက်တည်းနေတာ။ ဘာလုပ်ကိုင်စားသောက်မှန်းလည်း မသိဘူး။ ဘယ်ကိုမှလည်း မသွားဘူး။ ရိုးရိုးမိန်းမလည်း မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ..."

www.burmeseclassic.com

www.burmeseclassic.com

"စုန်းမ..."

မကြာမတင်မှာပင် သူတို့တွေ နှုတ်ဆက်ပြီး ပြန်သွားကြ၏။ သူသာ ဆိတ်ငြိမ်ထွေးပြီး ကျန်ရစ်ခဲ့သည်။ ထိုမိန်းမကို 'စုန်းမ' ဟု သူတို့၏အလွယ် တကူ (သို့မဟုတ်) အထိတ်တလန့် မှတ်ချက်ချခြင်းကို သူ လက်မခံနိုင် ခြင်း ထို့ကြောင့်လားတော့ မသိ။ ထိုမိန်းမနှင့် ပတ်သက်သော သူ၏စိတ် ခံစားမှုတို့က 'လပြည့်ဒီရေ' လို မြင့်မားလာသည်။ နောက်ညများမှာ လည်း ပို၍ပင် သတိထား လေ့လာမိလာသည်။

မီးလာသည့်အခါများတွင် သူမကို ထိုတိုက်ခန်းထဲမှာ အရိပ် အယောင်မျှပင် မတွေ့ရ။ မီးပျက်၍ ဖယောင်းတိုင်လေး တစ်တိုင်နှင့် ထိုင်နေသည့်အခါတွင်လည်း သူမက အခန်းဝကို ကျောပေးလျက်။ ကျော ခါးအထိ ဖားလျားကျနေသော ဆံနွယ်မျှင်များနှင့် အတူ ရောမနတ်သမီး ရုပ်တုရုပ်လို မလှုပ်မယှက်... လုံးဝ မလှုပ်မယှက်။ မီးပြန်လာသောအခါ အတွင်းခန်းသို့ ဝင်သွားသည်။ ကျောပေး ပျောက်ကွယ်သွားတတ်သည်။ သူမကို ခန္ဓာကိုယ်အထက်ပိုင်းသာ မြင်ရပါသည်။

သူ့အခန်းမှာ လာရောက် စကားဝိုင်းဖွဲ့သူများကိုတော့ ထိုအကြောင်း ကို သူ ပြောမပြဖြစ်တော့ပါ။ သို့သော် မပြောမဖြစ် ပြောရမည့် အကြောင်း အရာတစ်ရပ်ကို သူကြုံလာသည်။ တစ်ညမှာ ဖြစ်သည်။

ထိုညက...

တစ်ရေးနိုးမှာ သူ ရေထသောက်သည်။ ချက်ချင်းမှာ ပြန်အိပ်၍ ရသဖြင့် လေညင်းခံသည့်သဘောဖြင့် ဝရန်တာဘက် ထွက်ခဲ့သည်။ သူ ရုတ်လုံးပိုင်းသွားရသည့် မြင်ကွင်းကို မြင်ရလေတော့သည်။

ညစုန်းစုန်းချုပ်နေချိန် ဖြစ်၍ တိုက်ခန်းအားလုံးက သူတို့၏ မီး

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကို မှိတ်ထားကြပါပြီ။ အမှောင်ကဲအုပ်ထားသော အခန်းများကြား မှာ သူမ၏အခန်းကတော့ မီးထိန်ထိန်လင်းနေသည်။ အလင်းရောင်က သာမန်အလင်းရောင်မဟုတ်။ လင်းရှူးတောက်တော ခရမ်းရောင်...။ ထို့ကြောင့် အခန်းကလည်း ချောက်ချားဖွယ်ရာ ခရမ်းရောင်ခန်းအဖြစ် လှပဆန်းသစ်နေသည်။

ပထမတော့ အခန်းကိုသာ တအံ့တဩ ငေးမောနေမိသဖြင့် အခန်း နံရံမှာကပ်၍ ငြိမ်သက်စွာရပ်နေသော သူမကို မမြင်မိ။ သူမက ဖျတ်ခနဲ လှုပ်ရှားမှသာ (ရင်ထဲမှာ ထိတ်ခနဲဖြစ်ပြီး) သတိထားမိ၏။ သူမက (မတော်တဆလား၊ တမင်တကာလား မသိ) ဆံနွယ်တွေကို ရမ်းခါလိုက် သဖြင့် မျက်နှာကို ကောင်းစွာ မမြင်လိုက်ရပြန်...။ သို့သော်...

ဝင်းလက်သော မျက်လုံးအစုံဖြင့် သူ့ကို တစ်ချက်လှမ်းကြည့်ပြီး နောက် မီးပိတ်ချလိုက်သဖြင့် တစ်ခန်းလုံး အမှောင်ကျသွားသည်။ သူလည်း ဘာကိုမှ မမြင်ရတော့။ အတန်ကြာအောင် ဆက်ကြည့်နေသေးသည့်တိုင် ဘာထူးခြားမှုကိုမှ မတွေ့ရတော့သဖြင့် သူလည်း သူ့အခန်းထဲသို့ ပြန်ဝင် လာခဲ့တော့သည်။

အိပ်၍ မရတော့ပါ။ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။ လှုပ်ရှားနေသော စိတ်ကို ငြိမ်လိုငြိမ်ငြား လက်လှမ်းမီရာ စာအုပ်တစ်အုပ် ကို ဆွဲယူဖတ်၏။ စာကြောင်းတစ်ကြောင်းက သူ့ကို ဆွဲဆောင်လိုက်ပြန် သည်။

'Contact your self-consciousness with violet the truly psychie shad' တဲ့ ခရမ်းရောင်သည် မသိစိတ်ဖြင့်ဆက်သွယ်ရ သည့် စိတ်အားပုံရိပ်တစ်ခုဖြစ်ကြောင်း ရေးထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ စကားဝိုင်းမှာ (ပြောသင့်သည် ထင်၍) ထို အကြောင်းကို သူပြောပြဖြစ်လေသည်။ အားလုံးက သူ့ကို ခနော်ခနဲ့ မျက်လုံးများဖြင့်သာ အကြောင်းသား ပြန်ကြည့်ကြလေသည်။ မသိကျိုးကျွံ ပြုလျက် စကားတစ်ခွန်းကို သူ ဆက်ပြောဖြစ်သည်။

"ကျွန်တော်တို့ အဲဒီမိန်းမဆီ သွားလည်ရအောင်ဗျာ"

"ဟာ... ခင်ဗျားဘာသာ သွားရင်သွား... ကျွန်တော်တို့တော့ မလိုက်ဘူး..."

မျှော်လင့်ထားပြီးသား အဖြေ ဖြစ်၍ စိတ်ထဲမှာ မည်သို့မျှ မခံစား ရပါ။ သူကတော့ သူ့စကားအတိုင်းပဲ ပြုမူပါသည်။ နောက်တစ်နေ့နံနက် ...င် ထိုမိန်းမ၏အခန်းသို့ သူရောက်သွားသည်။ အခန်းတံခါးက အတွင်းမှ ပိတ်လျက်...။

"ဒေါက်... ဒေါက်... ဒေါက်..."

မည်သို့သောတုံ့ပြန်သံကို မကြားရ...။

"ဒေါက်... ဒေါက်... ဒေါက်..."

ကြားလောက်သည့် တံခါးခေါက်သံဖြစ်သော်လည်း အထဲမှ အသိ အမှတ်ပြုပုံ မရပါ။ ထိုကဲ့သို့ သုံးချက်တွဲ လေးခါခေါက်၏။ နောက်ဆုံး အနေနှင့် တစ်ချက်ခေါက်၏။ မည်သို့မှ မထူး။ ထို့ကြောင့် မချိမချင် အပြုံးနှင့်အတူ ပြန်ဆင်းလာခဲ့သည်။ တစ်နေ့မဟုတ် တစ်နေ့မှာတော့ တွေ့ကြုံကြပါလိမ့်မည်။

သို့သော်လည်း ထိုအထင်က လွဲသွားလေသည်။ နောက်တစ်နေ့ နံနက် သူထွက်သွားသောအခါ သော့ခလောက်ကြီးတစ်လုံးက မျက်နှာ အားမာမာဖြင့် တံခါးကို ကိုက်ခဲပိတ်ဆို့ထားသည်။ အတန်ကြာသည်အထိ

www.burmeseclassic.com

www.burmeseclassic.com

သူ တွေးငေးရပ်တန့်နေမိသည်။ စိတ်ထဲမှာလည်း ဟာသွားသည်။ ပင်လယ်ထဲမှာ ရေငုပ်ရင်း အောက်စီဂျင်ပြတ်သွားသော နဂါးလို ခံစားလိုက်ရသည်။ ကိုယ့်အခန်းဆီကို ခြောက်ကပ်စွာ ပြန်လာခဲ့၏။ (ထိုမိန်းမကတော့ သူမ၏အခန်းဆီသို့ လုံးဝ ပြန်မလာတော့ပါ)

ထိုကာလများအတွင်းဝယ်၊ သူ့ အနေအထိုင် အနည်းငယ်ပြောင်းလဲသွား၏။

'ငါသည် အသွေးကို မြင်သောအခါ သင်တို့ကို လွန်သွားမည်' (ထွက်၊ ၁၂၊ ၂၃)

"ဟင်... နံရံမှာ ဘာတွေရေးထားတာလဲ၊ ခင်ဗျားက ခရစ်ယာန်လား"

"မဟုတ်ပါဘူး... စာရဲ့အသွားအလာလေးကို သဘောကျလို့..."

"ဒီအောက်က Angel for one minute ဆိုတာကရော..."

"နှလုံးသားထဲမှာ နတ်သမီးတစ်ပါးကို တစ်မိနစ်လောက် အာရုံညွတ်ပြီး ငြိမ်းချမ်းမှုယူတဲ့ စိတ်ကျင့်စဉ်တစ်ခုပါ၊ အယ်ဖာလှိုင်းတွေ ထွက်တယ်ပြောတယ်..."

"ကက်ဆက်ကရော ဘာတွေ ဖွင့်ထားတာလဲ တစ်မျိုးကြီးပဲ..."

"ကီတာရီးရဲ့ မန္တလဆိုတဲ့ အခွေလေ"

စကားပိုင်းတော်သားများက နှုတ်ဆက်စကားကို သစ္စာစကားလိုဆိုပြီး တစ်ယောက်ပြီး တစ်ယောက် ပြန်ဆင်းသွားကြသည်။ နောက်ပိုင်းတွေမှာလည်း သူ့အိမ်သို့ ရောက်မလာကြတော့ချေ။ သူကလည်း ဒိုအခြေအနေကို အမှုမထားမိ။ 'အိုဆို'၏ ဒဿနစာအုပ်အချို့နှင့်အလုပ်ရှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အညောင်းပြေ လမ်းလျှောက်သော တစ်မနက်မှာ သူ့မိတ်ဆွေ ဝိုင်းတော်သားများကို လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲတွင် တွေ့လိုက်ရ၍ လျှောက်ဝင်သွားလိုက်သည်။ သူတို့က စကားရှိန်ကောင်းနေကြ၏။

"စုန်းမကတော့ မရှိတော့ဘူး"

"စုန်းမက မရှိတော့ပေမယ့် စုန်းထီးတစ်ကောင်ကတော့ ရောက်နေပြန်ပါရောလားဗျာ...၊ အဲဒီစုန်းထီး... အဲ... ဟို... ဟိုဒင်း"

ထိုစကားကို ပြောနေသူက သူ့ကို မြင်ကာ ထိတ်လန့်ပြီး စကားဆက်မပြောတော့ ကျန်သူများကလည်း သူ့ကို လှည့်ကြည့်ပြီး တုန်လှုပ်သွားကြဟန် ရှိသည်။ သူတို့၏စကားဝိုင်းက လည်မျိုညှစ် အသတ်ခံရသလို ရပ်သွားသည်။ သူတို့ဆီလှမ်းနေသော သူ့ခြေထောက်များကလည်း ညို့ကွင်းမိသလို တုန့်ခနဲရပ်သွားသည်။ ထို့အတူ ကမ္ဘာကြီး၏လည်ပတ်မှုကလည်း ခေတ္တ ရပ်သွားသည် ထင်သည်။

❒

www.burmeseclassic.com

ဗိနပ်စီးကြသူများ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်စီးပြဿနာ

တာရာမင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

ရှိဆမွန်သည် အသက် (၇) နှစ်မျှသာ ရှိသေးပြီး လန်ဒန်မြို့၏လမ်းများပေါ်တွင် သူမ၏ မိခင်နှင့်အတူ လျှောက်သွားနေသည်။ လမ်းသွားရာတစ်လျှောက်တွင် ဈေးဆိုင်များဆီသို့ လှမ်းကြည့်ရာ ဘာခေါ်မှန်း မသိ၊ ဘာလုပ်ရမည်မှန်း မသိသော အရာဝတ္ထုများစွာကို မြင်ရလေသည်။ သူမသည် ထိုအရာများကို ရပ်ကြည့်ချင်လိုလှ၏။ သို့သော်လည်း လူရှုပ်လူဝွေလမ်းမသည် လှည်းများ၊ ယာဉ်ရထားများ၊ တွန်းဘီးများဖြင့် ကျပ်ခဲလှသည်။

သူမအမေနှင့် လက်တွဲပြုတ်သွားမည်ကိုပင် ကြောက်ရလေသည်။ သူမသည် အရုပ်ဆိုင်တစ်ဆိုင်ရှေ့သို့ ဖြတ်သွားရာ ... ဟု ပြောလိုက်လေသည်။ ဤသို့ပြောရင်း သူမတို့သည် အမျိုးသမီးပစ္စည်းရောင်းရှေ ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာကြ၏။ ဆိုင်ထဲခါးဝတွင် ဖဲကြိုးများ၊ ဇာပိတ်များ၊ ပန်းခက်အတုများ ချိတ်ဆွဲထားသည်။ သူမတို့သည် ရှေ့တစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com

ဆက်သွားကြရင်း အခြားဆိုင်တစ်ဆိုင်သို့ ရှိဆမွန်၏မျက်စိက ကျရောက်ပြန်သည်။ ထိုဆိုင်သည် ရတနာပစ္စည်းအရောင်းဆိုင် ဖြစ်ပြီး မှန်ဗီရိုထဲမှာ လှပသော လက်ဝတ်ပစ္စည်းကလေးများကို ခင်းကျင်းထားသည်။ အမေ ဖြစ်သူက ဤသို့ပြောပြီး ဆက်လျှောက်သွားကြလေရာ ရှိဆမွန်က သူ့အမေ၏ ဘာမှ မလိုချင်မှုကို စိတ်ပျက်လေသည်။ ချက်ချင်းဆိုသလိုပင် အခြားဆိုင်များထက် ပိုလှသည် ထင်ရသော ဆိုင်တစ်ဆိုင်သို့ ရောက်ပြန်လေသည်။ သူမက မသိသော်လည်း ထိုဆိုင်သည် ဓာတုဆေးဝါးအရောင်းဆိုင်ဖြစ်၏။ သူမသည် သူမအမေ၏လက်ကို ဆွဲပြီး... ဟု ကျယ်ကျယ်လောင်လောင်ပြော၏။ သူ့အမေကမူ ရှေ့ပိုင်းကလိုပဲ အဖြေပေး၏။ သူ့အမေက ပြောလေသည်။ ရှိဆမွန်သည် ခရမ်းရောင်အိုးကလေးကို မမြင်နိုင်တော့သည်အထိ လည်ပြန်ကြည့်သွားလေသည်။ သူမသည် ခဏတွေဝေပြီး ပြော၏။ စိတ်မကောင်းစရာဟု ရှိဆမွန် တွေးမိ၏။ သို့သော် ခဲစွာထားသော ခြေဖဝါးတို့မှာ နာကျင်သဖြင့် ခြေလှမ်းတို့ ထော့ရမ်းကာ ဘာကိုမှ ဆက်မတွေးနိုင်တော့။ သူမတို့သည် ဖိနပ်ချုပ်ဆိုင်ရှေ့သို့ ရောက်လာသည်။ သူမသည် မိခင်နှင့်အတူ ဆိုင်ထဲသို့ လိုက်ဝင်သွား၏။ ဖိနပ်ချုပ်ဆိုင်ပိုင်ရှင် မစ္စတာဆိုး(လ်)ထံမှာ ဖောက်သည်ကျနေချိန် ဖြစ်ပြီး ဆိုင်ထဲမှာ လူပြည့်နေသဖြင့် သူမတို့ စောင့်နေရသေးသည်။ သူမ၏အမေက မေးလေသည်။ ရှိဆမွန်က ပတ်ဝန်းကျင်ကို လှည့်ကြည့်ရင်း ပြော၏။ မစ္စတာဆိုး(လ်)သည် အားလပ်သွားပြီ ဖြစ်၍ သူမ၏အမေနှင့် စကားပြောဆိုနေစဉ် သူမသည် ဖိနပ်တစ်ဖက်ကို စီး၍ တစ်ဖက်ကို လက်မှ ကိုင်ရင်း အလေးအနက် စဉ်းစားနေသည်။ သူမက ဖိနပ်ဟောင်းတစ်ဖက်ကို ပြန်စီးရင်း ပြောသည်။ ရှိဆမွန်သည် ဖိနပ်ကိုကြိုးချည်ပြီး သူမ၏

www.burmeseclassic.com

www.burmeseclassic.com

အသေနောက်မှ ပြေးလိုက်သွား၏။ လိုက်၍ မကြာမီ ဖိနပ်က အနှောင့်လျှော ပြန့်ရာ လမ်းမှာ ခဏခဏရပ်ပြီး ဖိနပ်ထဲမှ ခဲများကို ထုတ်ပစ်ပြီး အကြိမ်ကြိမ် ခုန်ဆွ ခုန်ဆွ သွားနေရ၏။ သို့သော်လည်း သူမသည် ခရမ်းရောင်ပန်းအိုးကလေးကိုသာ စိတ်စွဲပြီး သူမ၏ရွေးချယ်မှုထဲတွင်ပင် နစ်ဝင်နေ၏။ တံခါးဝကျယ်သော ဆိုင်ကြီးဆီသို့ ရောက်သောအခါ သူမ၏အမေက အတူနေ အစေခံအား ခရမ်းရောင်အိုးကလေး သွားဝယ်ရန် စေခိုင်းသည်ကို ကြားရသဖြင့် ရိုဆမွန်သည် အတိုင်းထက်အလွန် ဝမ်းသာမိလေသည်။ အစေခံမှာ လုပ်စရာကလေးများ ရှိနေသေး၍ အတူ ပြန်မလိုက်။ ရိုဆမွန်သည် ပြန်ရောက်ရောက်ချင်း ခြံထောင့်မှ မိခင်ဖြစ်သူ၏ပန်းခင်းဆီသို့ ပန်းခူးရန် ပြေးထွက်သွားလေသည်။ ပန်းများကို မွေ့ပိုက်ပြီး ရိုဆမွန် ပြန်ဝင်လာသောအခါ မိခင်ဖြစ်သူက သူမအား — ဟု ပြောလေသည်။ ရိုဆမွန် မျှော်လင့်ချိန်ထက် နောက်ကျပြီးမှ အစေခံက ရောက်ရှိလာသည်။ အိုးကလေးကိုလည်း ယူဆောင်လာသည်။ စားပွဲပေါ်သို့ အိုးကလေးကို တင်ပြီးသည် ဆိုလျှင်ပဲ ရိုဆမွန်သည် ပျော်မြူးစွာဖြင့် ... ဆိုလေသည်။ ရိုဆမွန်သည် ပန်းများကို ပေါင်ခွင်ထဲမှနေ အောက်ဖောပေါ်သို့ ပုံချပြီး ခရမ်းရောင်အိုးကလေး ဆွဲယူလိုက်၏။ အဖုံးကို ဖွင့်လျှင် ဖွင့်ချင်း အော်ပြောလိုက်၏။ အင်တုံကို ထုတ်ပေးလိုက်သောအခါ ရိုဆမွန်သည် ခရမ်းရောင်အိုးကလေးကို သွန်မှောက်လိုက်၏။ ကုန်စင်သွားသည့်အခါ အိုးကလေးသည် ခရမ်းရောင် မဟုတ်တော့သည်ကို အံ့ဩစိတ်ပျက်ဖွယ်ရာ တွေ့ရှိရလေသည်။ အိုးကလေးမှာ အဖြူရောင် ဖန်အိုးသာဖြစ်ပြီး ထည့်သွင်းသည့် ပစ္စည်းများ၏ အရောင်ကိုလိုက်၍ ပေါ်လွင်ထင်ဟပ်ခြင်းမျှသာ ဖြစ်သည်။ ရိုဆမွန်လေးသည် ဟီးချ၍ ငိုကြွေးလေ

www.burmeseclassic.com

တော့သည်။ မျက်ရည်သုတ်ရင်းကပဲ ရိဆမွန်သည် ဝမ်းနည်းပမ်းနည်းဖြင့် အိုးကလေးထဲသို့ ပန်းများကို ဖြည်းဖြည်းချင်း ထိုးထည့်နေသည်။ ရိဆမွန်၏ စိတ်ပျက်ဖွယ်ရာများကား ဤမျှနှင့် မပြီးဆုံးသေးပါ။ သူမ၏ မှားယွင်းသော ရွေးချယ်မှုက လမကုန်ခင်အထိမှာ အခြားသော အခက်အခဲများစွာနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ များစွာကို ယူဆောင်လာလေသည်။ သူမ၏ဖိနပ်မှာ အခြေအနေဆိုးသထက် ဆိုးလာပြီး အဆုံးမှာတော့ ထိုဖိနပ်နှင့် က၍လည်း မရ၊ ခုန်၍လည်း မရ၊ လမ်းလျှောက်၍လည်း မရတော့ချေ။ ရိဆမွန်က တစ်ခုခုကို ခေါ်၍ ပြလျှင် သူမ၏ဖိနပ်ကို အနှောင့်မတင် နေရသည်နှင့် ပင် နောက်ကျ ကျနေတော့၏။ သူမ၏အမေ လမ်းလျှောက်ထွက်လျှင် လည်း ဖိနပ်က နောက်မြီးလွှာမရှိတော့သဖြင့် မလိုက်ရတော့။ လကုန်ရက် တွင် သူမ၏ဖခင်က သူမနှင့် အစ်ကို့ကို သူမကြည့်ချင်လွန်းလှသော ဂလပ်ဟောက်စ်သို့ ခေါ်သွားရန် စီစဉ်သည်နှင့် ကြုံရ၏။ သူမ အလွန် ပျော်ရွှင်သွားလေသည်။ သို့သော်လည်း သွားရန် အသင့်ပြင်ဆင်ပြီး၍ ဦးထုပ်ဆောင်း၊ လက်အိပ်စွပ်ကာ အိမ်တံခါးဝတွင် စောင့်နေသော ဖခင်နှင့် အစ်ကိုဖြစ်သူထံသို့ အပြေးအလွှားသွားရာတွင် သူမ၏ဖိနပ်မှာ ကျွတ်ထွက် သွားပေတော့၏။ ကပျာကယာ ပြန်ကောက်စီး၏။ သို့သော် အခန်းကို ဖြတ်ဝင်သောအခါ ဖခင်ဖြစ်သူက သူမကို လှည့်ကြည့်ပြီး ... ဟု ဆို သည်။ မျက်နှာနီမြန်းသွားလျက် နောက်သို့ ပြန်ဆုတ်ကာ ရိဆမွန်က ... ဟု ဆိုလေသည်။

မှတ်ချက်။ မူရင်းဝတ္ထုမှာ The Purpie Jar ဖြစ်ပါသည်။ မူရင်းစာရေးဆရာမှာ Maria Edfeworth ဖြစ်ပါသည်။

❐

www.burmeseclassic.com

လူနှင့် ဆုံမှတ်များ

ကြောင်နှစ်ကောင်...

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်ခါက မြို့တစ်မြို့မှာ လူတစ်ယောက် ရှိခဲ့ဖူးလေသည်။ လူ များ နေထိုင်သော လူနေမြို့ပြ၌ လူတစ်ယောက်ရှိခြင်းသည် အဆန်း တော့တ်ပါ။ သို့သော် ဆန်းရာကြယ်ရာ အကြောင်းက ရှိလာသည်။ ထိုလူ မည်သူမှ မသိသော ဘာသာစကားတစ်မျိုးဖြင့် စကားဆိုတတ်ခြင်း ကြောင့် ဖြစ်သည်။

ထိုဘာသာစကားကို ဘာရယ်မဆိုနိုင်ပါ။ သူ့ဘာသာ သူပင် နား ည်ရဲ့လား မသိပါ။ ကာတွန်းဇာတ်ကောင်တစ်ဦးလို ပြောဆိုခြင်းမျိုး ဖြစ်သည်။ သူ့စကားက...

"ဂလု ဂလု ဂလိ ဂလိ" ... ဆိုတာမျိုး ဖြစ်သည်။

သူကလည်း လူတွေကို ထိုစကားနှင့် ဆက်ဆံ...

www.burmeseclassic.com

သူ့စကားကို နားမလည်။ သူ့ကို စိတ်ပျက်ကြသည်။ ထို့အတူ သူ
လည်း လူတွေကို စိတ်ပျက်သည်။ ထိုသို့ဖြင့် တစ်နေ့မှာ...

"အိုး... ဂလု ဂလု... အိုး... ဂလိ ဂလိ"

အားလုံးကို အပြုံးနှင့် နှုတ်ဆက်ပြီး ထိုမြို့မှ သူ ထွက်ခွာလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

တစ်မြို့ပြီး တစ်မြို့ကို ဖြတ်သန်းပြီး ဦးတည်ရာမဲ့ သူ ခရီးနှင်ခဲ့သည်။ ပင်လယ်၊ တောင်တန်းနှင့် လွင်ပြင် ထိုနည်းတူ ရွာစဉ် မြို့စဉ်များ တစ်ခုပြီး တစ်ခု သူကျော်လွှားခဲ့၏။ မြို့တစ်မြို့၏ ဗွေလယ်ခေါင်သို့ အရောက်မှာ အံ့သြစရာမြင်ကွင်းကို သူ မြင်တွေ့ရလေသည်။

လူအုပ်ကြီးက လူတစ်ယောက်ကို ဝိုင်းရံကြည့်ရှုနေကြခြင်း ဖြစ်သည်။ အကျိုးအကြောင်း သိလိုသဖြင့် သူသည်လည်း လူအုပ်[illegible] တိုးဝှေ့ဝင်ကာ ထိုလူ့ကို အကဲခတ်ကြည့်ရှု၏။ သူ့ကို ဝိုင်း[illegible] သော လူအုပ်ကို ထိုလူက တုံ့ပြန်ရန်တွေ့နေသည်။ ထိုလူ၏[illegible] ရန်တွေ့မှုကို သူ မင်သက်မိလေသည်။

"ကွိစိ ကွိစိ ကွစ ကွစ..."

www.burmeseclassic.com

www.burmeseclassic.com

ထိုလူ၏စကားကို သူနားမလည်။ မည်သူကမှလည်း နားလည်ပုံ မပေါ်။ ထူးခြားသောသတ္တဝါတစ်ကောင်လို ဝိုင်းအုံကြည့်နေကြဆဲ။ ထိုလူ ကလည်း ရန်တွေ့မြဲ တွေ့လျက်...

"ကွိစိ ကွိစိ ကွစ ကွစ..."

နောက်တော့လည်း အားလုံးက သူ့အပါးမှ ရယ်မောထွက်ခွာ သွားကြ၏။ တစ်ဦးတည်းသာ ကျန်ရစ်သူက 'သူ'...။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မည်သူမှ မရှိတော့ချိန်မှာ ထိုလူ့ထံသို့ ချဉ်းကပ်သွားပြီး ဝမ်းသာအားရ သူ လက်ဆွဲနှုတ်ဆက်လိုက်သည်။ မိတ်ဆက်စကားကိုလည်း ဆိုဖြစ်သည်။

"ဂလု ဂလု ဂလိ ဂလိ"

ထိုလူက သူ့ကိုကြည့်ပြီး မယုံကြည်နိုင်သလို ဖြစ်သွား၏။ ထို့နောက်မှ သဘောပေါက်သွားပြီး ဖက်လှဲတကင်း ပြန်လည်နှုတ်ဆက်လေတော့သည်။

"ကွိစိ ကွိစိ ကွစ ကွစ"

သူတို့နှစ်ဦးသည် ယခုမှပင် တွေ့ကြသော်လည်း ယခင် ယခင်ကတည်းက သိကျွမ်းရင်းနှီးသူများပမာ တစ်ယောက်နှင့် တစ်ယောက် စကားတွေ ဖောင်ဖွဲ့မဆုံး ဖြစ်နေကြလေသည်။

"ဂလု ဂလု ဂလိ ဂလိ"

"ကွိစိ ကွိစိ ကွစ ကွစ"

ထို့နောက် သူတို့နှစ်ဦးသည် တစ်ယောက်ပခုံး တစ်ယောက်ဖက်လျက် မြို့လယ်ဘက်ဆီသို့ ညီညီညာညာ ထွက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထို့နောက်ပိုင်းမှာတော့ ဘာစိတ်ကူးပေါက်ပြီး ဘယ်လို နားလည်မှု တွေ ရသည် မသိ။ မြို့ပတ်လမ်းမှာ သူတို့နှစ်ဦး အပြေးပြိုင်ကြပါသည်။ မည်သည့်နေရာကို ပန်းတိုင်ဟု သတ်မှတ်မှန်းလည်း မသိချေ။ တစ်ယောက်က မာတ်တိုင်သုံးတိုင်စာလောက်မှာ ရပ်နေပြီး တစ်ယောက်က မာတ်တိုင်ငါးတိုင်စာလောက်အထိ ပြေးသွားသည်။ ပြီး နှစ်ယောက်စလုံးက တစ်ယောက်ကို တစ်ယောက် အောင်နိုင်သူလို ကြည့်ကာ...

"ဂလု ဂလု ဂလိ ဂလိ"

"ကွိစိ ကွိစိ ကွစ ကွစ"

နှစ်ယောက်သား စားသောက်ဆိုင်ဆီ ချီတက်ကြပါသည်။

စားသောက်ဆိုင်သို့ ရောက်သောအခါ တွေ့သမျှ အစားအစာကို

www.burmeseclassic.com

www.burmeseclassic.com

...ညှိုးထိုးပြီး မှာ၏။ ခေါင်းမဖော်စတမ်း မြိန်ရေယှက်ရေ စားသောက်...၏။ ငွေရှင်းရမည့်အချိန်မှာ ပြဿနာတက်ပါတော့သည်။ မျက်လုံးပြူး...ဆန်ပြူးဖြင့် ဆိုင်ရှင်အရှေ့မှာ တစ်ယောက်ကို တစ်ယောက် လက်ညှိုး...ကြသည်။ အကြောက်အကန် ငြင်းဆန်ပြောဆိုကြသည်။

"ဂလု ဂလု ဂလိ ဂလိ"

"ကွိစိ ကွိစိ ကွစ ကွစ"

သူတို့တစ်တွေ ငွေမရှင်းနိုင်ကြပါ။ ထိုသို့ဖြင့် တစ်ယောက်က ...ဆိုင်လုံးကို သန့်ရှင်းရေးလုပ်ပြီး တစ်ယောက်က ဆိုင်နောက်ဖေးမှာ ...ကန်ဆေးလိုက်ရ၏။ ဆိုင်ရှင်က သက်ညှာခြင်း ဖြစ်သော်လည်း သူတို့...တော့ မျှော့နေအောင် ခံလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

စားသောက်ဆိုင်မှ ပြန်ထွက်သောအခါ လမ်းပေါ်မှာ သူတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက် ကြည့်မရတော့ချေ။ မျက်စောင်းကိုယ်စီ ခဲရင်း စကားဆိုကြသည်။

"ဂလု ဂလု ဂလိ ဂလိ"

"ကွိစိ ကွိစိ ကွစ ကွစ"

တစ်ယောက်စကားကို တစ်ယောက် မည်သို့ သဘောပေါက်သည် မသိ။ နပန်းဖက်လုံးကြတော့သည်။ အားကစားပြိုင်ပွဲ မဟုတ်ဘဲ ရန်ပွဲ ဖြစ်၍ ပြင်းထန်ပါသည်။

"ဟော့... ဟော့... ရန်မဖြစ်ကြနဲ့လေ..."

သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးလူကောင်းတစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်က သူတို့ကို ဖျန်ဖြေ တားမြစ်၏။ ထို့အပြင် ဝိုင်းအုံလာသော လူအချို့က သူတို့ကို ဆွဲခွဲလိုက်ကြသည်။

"မင်းတို့ကွာ... မကြီးမငယ်နဲ့..."

ဆူဆူပူပူ ပြောလာသော ထိုလူကြီးလူကောင်းကိုပင် သူတို့နှစ်ယောက်က သူ့ထက်ငါဦးအောင် တိုင်တမ်းကြပါတော့သည်။

"ဂလု ဂလု ဂလိ ဂလိ"

"ကွိစိ ကွိစိ ကွစ ကွစ"

ဝိုင်းအုံနေသော သူများ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသလို ထိုလူကြီးလူကောင်းလည်း အူကြောင်ကြောင် ဖြစ်သွားသည်။

"ဟ... ဘာတွေလဲဟ..."

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဝိုင်းအုံကြည့်နေသူများက ပြောသည်။

"သူတို့က ခင်ဗျားဆီမှာ တိုင်နေတာဗျ..."

"ဟုတ်တယ် ခင်ဗျားရဲ့အဆုံးအဖြတ်ကို တောင်းနေတာ"

လူကြီးလူကောင်းခများ ခေါင်းကုတ်ရပါတော့သည်။

"ဟ... သူတို့ ဘာဖြစ်လာမှန်း ကျုပ်မှ မသိတာ"

"ဘာပဲဖြစ်ဖြစ် ကျေလည်အောင် လုပ်ပေးလိုက်ပါဗျာ"

"ဟာ... ဒုက္ခပါပဲ... ဘယ့်နှယ် ဘယ်လိုဆုံးဖြတ်ပေးရမှာလဲ"

"ဉာဏ်ရှိသလို ကြည့်လုပ်ပေးလိုက်ပါဗျာ..."

"ဟုတ်ပါတယ်ဗျို့... ဟုတ်တယ်..."

အားလုံးက ထိုသို့ပင် တောင်းဆိုကြ၏။ သကောင့်သားနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

...အလည်း မျက်နှာငယ်လေးနှင့် သူ့ကို ကြည့်နေကြသည်။ သူတို့ပြော ...ာတွေကိုပင် ကိုယ်နားမလည်ဘဲ မည်သို့ ဆုံးဖြတ်ပေးရပါ့မလဲ... ...အားလုံးကလည်း သူ့ကိုပဲ ဝိုင်းဝန်းတွန်းအားပေးနေကြသည်။ နားညည်း ...ခံနိုင်တော့သည့်အဆုံး...

"ကဲ... ကဲ... ကျုပ် ဆုံးဖြတ်ပေးမယ် ဟုတ်လား..."

အားလုံး အသံမထွက်တော့ပဲ ငြိမ်သွားကြ၏။ လူကြီးလူကောင်းက ...အဆုံးအဖြတ်စကားကို ဆိုရန် လက်တစ်ဖက်ကို မြှောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

ထိုသို့ပြုပြီးကာမှ အခက်အခဲနှင့် ကြုံရ၏။ မည်သည့်ဘာသာ စကားနှင့် သူတို့ကို အဆုံးအဖြတ်ပြုရပါ့မည်လဲ။ စဉ်းစား၍လည်း မရနိုင် သည့်အဆုံး…

သင်းတို့ကျေနပ်သည် ဖြစ်စေ၊ မကျေနပ်သည် ဖြစ်စေ မျက်စိကို စုံမှိတ်၍ ပင့်သက်ရှိုက်ရင်း ပြတ်သားသောအဆုံးအဖြတ်တစ်ခုကို ပေး လိုက်ရတော့သည်။

"အို… အယ်… အာ… ဗရွး… ဗရက်… ဗရွန့်…"

□

www.burmeseclassic.com

www.burmeseclassic.com

လေစီးသံ

www.burmeseclassic.com

www.burmeseclassic.com

တာရာမင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြောရဦးမယ် မစိန်ငွေရေ ဟိုတစ်နေ့ကပေါ့…။ ရှင့်ယောကျ်ား ကိုမြင့်ဆွေရယ်၊ အိမ်က လူကြီးဆီ ရောက်လာတယ်။ ရောက်လာတဲ့ အကြောင်းကလည်းတော် ဝတ္ထုရေးချင်လို့တဲ့… ဝတ္ထုမှ ဘက်ဆဲလား ဝတ္ထုတဲ့တော်။ နေနော်တို့၊ နီကိုရဲတို့ကိုလည်း အားကျသတဲ့…။

အိမ်ကလူကြီးဆီမှာ အကြံဉာဏ် လာတောင်းတာလေ. ဘက်ဆဲလားဝတ္ထုတစ်ပုဒ်ကို လူ စိတ်အဝင်စားဆုံးဖြစ်အောင် ဘယ်လိုရေးရင် ရမလဲတဲ့… အိမ်က လူကြီးကလည်း ဒီလိုမျိုး မေးမယ့်သူကို စောင့်နေတာ။ နွားငတ် ရေတွင်းထဲကျသလို ဖြစ်သွားတာပေါ့…။ ပြောပါလေရော ဝါးဖြန်းဖြန်း။ အဲ… နည်းနည်းစိတ်ဝင်စားဖို့တော့ ကောင်းတယ်။

သူက ဖတ်မှတ်ဖူးတဲ့ ပုံတိုပတ်စလေးတွေ၊ ရယ်စရာလေးတွေကို ကိုးကားပြီး ပြောတာလေ။ ဘက်ဆဲလားဝတ္ထုတစ်ပုဒ်ကို လူစိတ်အဝင်

[illegible]

www.burmeseclassic.com

စားဆုံးဖြစ်အောင် အချက်သုံးချက် ပေါင်းစည်းရမတဲ့...။ နံပါတ်တစ် အချက်က မဖွယ်မရာတော်၊ လိင်ကိစ္စတဲ့...။ ပြောမပြောလိုက်ချင်ဘူး။ ထားလိုက်ပါဦးတော်။ နံပါတ်နှစ်အချက်က ချမ်းသာမြင့်မားမှုတဲ့...။ ဒါက တော့ မဆိုးပါဘူး...။ နံပါတ်သုံးအချက်က အစဉ်အလာကို ဆန့်ကျင်မှု တဲ့။ မိုးကြိုးပစ်စရာတွေ ပါလာဦးမလား မသိဘူး။

အဲဒီအချက်တွေနဲ့ ပတ်သက်ပြီး အိမ်က လူကြီးက ရယ်စရာ ဥပမာတစ်ခုပေးတယ်တော့...။

'မြို့စားကတော်က သူမ၏ပေါင်ပေါ် ရောက်လာသော ဘုရင်ကြီး လက်ကို ဖယ်ခိုင်းလိုက်သည်' တဲ့။ အဲဒီစာကြောင်းမှာ ခုနက အချက် သုံးချက်လုံးပါတယ်တဲ့...။ ကျုပ်ဖြင့် ရယ်ချင်လိုက်တာ။ ဒါပေမယ့် ဆန်ပြာ ရင်း မသိမသာနားထောင်ရတာ ဆိုတော့ ရယ်လည်း မရယ်ရဲဘူး။ ရှင့် ယောကျ်ားကတော့ သဘောကျသွားပုံရတယ်။ 'စာကြောင်းအနေနဲ့တော့ ဟုတ်ပါပြီ...၊ ဇာတ်ကြောင်းအနေနဲ့ နမူနာ ပြောပါဦး' တဲ့...။

အိမ်က လူကြီးကလည်း ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြောပြပါ တယ်...။ ပက်ဖရင့်ဆိုလား... ဘာလား... တော်...၊ အဲဒီစာရေးဆရာ ရေးတဲ့ 'မစ္စတာ အာဒံ' ဆိုတဲ့ ဝတ္ထုကို ကိုးကားပြီး ပြောတာ။ မူရင်း ဇာတ်လမ်းကို အကုန်ပြောတာတော့ မဟုတ်ဘူး။ အပျိုးလေး ပြောပြပြီးမှ သူဆင်ချင်သလို ပြန်ဆင်တာ။ မူရင်းဇာတ်လမ်းကိုကလည်း စိတ်ဝင်စား စရာလေး တော်ရေ...။

ဒီလိုတော် ကမ္ဘာပေါ်မှာ အဏုမြူဗုံးတစ်လုံး ပေါက်သွားတယ် တဲ့...။ အဲဒီမှာ လူတွေ အသေအပျောက်တော့ မရှိဘူး။ အဲဒီ အဏုမြူ ဗုံးက ထူးဆန်းတယ်။ ယောကျ်ားတွေအားလုံး မြုံသွားကြတယ်တဲ့။

www.burmeseclassic.com

ဆိုတဲ့... ယောက်ျားတွေထဲမှာ ကိုမျိုးအောင် မရှိတော့ဘူး၊ မျိုးပွားနိုင်တဲ့ ယောက်ျား မရှိတော့ဘူး။

အဲဒီအဖြစ်ကနေ ကင်းလွတ်တဲ့ ယောက်ျားဆိုလို့ တစ်ယောက်တည်း ကျန်ရစ်ခဲ့သတဲ့။ အဏုမြူဗုံးကွဲတဲ့အချိန်မှာ သူက သတ္တုတွင်းအနက်ကြီးထဲဆင်းပြီး အလုပ်လုပ်နေတာ။ လုပ်ငန်းပြီးလို့ တွင်းထဲကနေပြန်တက်လာတော့ ကမ္ဘာပေါ်မှာ 'ကိုမျိုးအောင်' ဆိုလို့ သူတစ်ယောက်တည်း ဖြစ်နေတယ်။

မူရင်းဇာတ်လမ်းက ဘယ်လို ဆက်စခန်းသွားတယ် မသိပါဘူး ခင်မင်ရယ်... အိမ်က လူကြီးက သူပြောချင်တဲ့ အကြောင်းအရာဆီကိုတည့်တည့်ရွှေ့ပစ်လိုက်တယ်။ အဲဒီ ကိုမျိုးအောင် ကြုံဆုံရတဲ့ အနေအထားဆိုပေါ့။ အဟီး... ကိုမျိုးအောင် ကြီးပွားပုံကို ဆိုပါစို့လေ...။

ကမ္ဘာ့သူ ကမ္ဘာသားတွေဟာ ကိုမျိုးအောင်ကို ရွှေပေါ်မြတင် ထားရတယ်။ ပုံပြင်ထဲကလိုဆိုရင် ဆင်စွယ်ရဲတိုက်ကြီးနဲ့ပေါ့တော်။ ဂုဏ်သရေရှိဘယ်အမျိုးသမီးမဆို သူ့မျက်နှာကို ကြည့်ပြီး သူ့အလိုကျ ဆက်ဆံရတယ်။ အဲဒါပဲ... အဲဒါပဲ... အိမ်ကလူကြီး ဇာတ်လမ်းဆင်ပေးတာအဲဒီလောက်ပဲ။ အဲဒီလောက်မှာတင် သူပြောထားတဲ့ အချက်သုံးချက်ကပြောင်ဝင်နေပြီလေ...။

ရှင့်ယောက်ျား ကိုမြင့်ဆွေကြီးကတော့ သဘောကျနေတာပေါ့။ တဟဲဟဲနဲ့ သွားကြီးကို ဖြဲလို့။ ဇာတ်လမ်းထဲက သတ္တုတွင်းအလုပ်သမား ကိုမျိုးအောင်ကို သဘောကျတာများလားမှ မသိဘဲ။ တော်သ... ခိုက်ခေါက်ကြီး ဆွဲမိလိမ့်မယ် ထင်တယ်။

နောက်ပြီးတော့ သူတို့တွေ ဆက်ပြောကြသေးတာ...

www.burmeseclassic.com

www.burmeseclassic.com

ညာအစ်ဇင်နဲ့… သူတို့စာရေးဆရာအလုပ်က တော်တော်ရှုပ်တာပါပဲ။ အဲ… အဲ… စကားကို ပြန်ကောက်ရဦးမယ်။ ခုနက ဘက်ဆဲလား စာရေး နည်းမှာလေ တခြားမှုကွဲတွေ ရှိသေးသတဲ့။ ဟိုဟာတော်… ဇာတ်အဖွဲ့ မှာလေ။

တစ်အချက်အနေနဲ့က စိန်ခေါ်သံ ပါရမယ်တဲ့…။ တော့်ယောက်ျား ကိုမြင့်ဆွေ အရက်မူးရင် ရပ်ကွက်ကို စိန်ခေါ်သလို ဖြစ်မှာပေါ့…။ နှစ် အချက်က အကျပ်အတည်းကို ပြရမယ်တဲ့…။ သုံးအချက်က ရွှေ့နေတဲ့ အသွားအလာတစ်ခုထဲက ဖြတ်ပိုင်းတစ်ခု ဖြစ်ရမယ်… တဲ့။

အိမ်က လူကြီးက အဲဒီလိုပြောတော့ ရှင့်ယောက်ျားက အတော် စိတ်ဝင်စားပြန်တယ်။ ခေါင်းကြီးကို ရှေ့တိုးလာပြန်ရော။ ဒါပေမယ့် ဆက်ရှင်းပြဖို့ အခွင့်မသာလိုက်ပါဘူး။ အိမ်က လူကြီးဆီ စာသင်မယ့် ကျောင်းသားလေးတွေ ရောက်လာလို့ သူတို့စကားဝိုင်း ရပ်သွားတယ်။ ရှင့်လူကြီးလည်း ပြန်သွားတယ်။

ကျုပ်ဘာသာ ကျုပ် ဆက်စဉ်းစားမိတယ်။ ခုနက အချက်သုံးချက် ပါမယ့် စာပိုဒ်ဆိုရင်လေ စိန်ခေါ်သံ၊ အကျပ်အတည်း၊ ရွှေ့လျားမှုတစ်ခု ထဲက ဖြတ်ပိုင်းဆိုရင်လေ…။ ရှင်မရယ်နဲ့ ကျုပ်ဘာသာ စဉ်းစားမိသလို စာပိုဒ်ဖွဲ့ပြမယ်… နားထောင်…။

'ဒီလောက် လူကြပ်ပြီး ဘတ်စ်ကားကလည်း နေ့နေရတဲ့ကြား ထဲမှာ လေလည်တဲ့သူ ရှိလို့ကတော့ ငါနဲ့ အတွေ့ပဲဟေ့ ကြားကြလား' အဲ… ဖြစ်တယ်မို့လား။

❐

www.burmeseclassic.com

www.burmeseclassic.com

လူနှင့် သူ့ဘော်စက်ရုပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"A.Z"

"ခင်ဗျာ... ကျွန်တော် ရှိပါတယ်"

"O.S မနိုးသေးဘူးလား"

"နိုးတော့ နိုးပြီခင်ဗျ"

"ဘာဖြစ်လို့ မလာသေးတာလဲ"

"သူက အရင်လို မဟုတ်ဘူးခင်ဗျာ၊ အရမ်း လှုဆန်နေတယ်"

"ဘယ်လိုအရိပ်အခြည် တွေ့ရလို့လဲ"

"နိုးနေတာကို ချက်ချင်းမထဘူး ဆရာ၊ လူတွေလိုပဲ သမ်းသမ်း ဝေဝေရှိတယ်၊ ပြီးတော့ ပျင်းကြောဆန့်တယ်၊ ပြီးမှ မျက်လုံးကို ဖိမ်ယှပြီး ဖွင့်တယ်..."

ကျွန်တော် ပြုံးလိုက်မိသည်။

"အဲဒါ ကောင်းတာပေါ့..."

"မကောင်းသေးဘူး ဆရာရဲ့..."

"ဘာမကောင်းတာလဲ"

"သူ မျက်နှာသစ်ရမယ့် ရေကကော ဟောင်းနေလားလို့ စစ်ဆေး သေးတယ်"

ကျွန်တော် ရယ်မိ၏။ A.Z သည် ကျွန်တော့်စက်ရုပ်ဖြစ်ပြီး O.S သည်လည်း ကျွန်တော် တီထွင်ဖန်တီးထားသောစက်ရုပ် ဖြစ်သည်။ ထူးခြားသည်က A.Z အပါအဝင် အခြားစက်ရုပ်များသည် အခိုင်းအစေ သဘော တီထွင်ထားသည့် စက်ရုပ်များဖြစ်ပြီး O.S ကတော့ လူနှင့် ထပ်တူဖြစ်ရန် ဖန်တီးထားသော စက်ရုပ်ဖြစ်သည်။

တစ်စထက် တစ်စ လူဆန်လွန်းနေပြီ ဖြစ်သော O.S အတွက်

www.burmeseclassic.com

ခမ်းသာအားရ ကျွန်တော် ရယ်မောမိခြင်း ဖြစ်သည်။

"ဒီကောင် လက်ဖက်ရည်သောက်ပြီးပြီလား"

"ဂဂျီဂဂျောင် လုပ်နေတယ် ဆရာ..."

"ဘယ်လိုလုပ်တာလဲ"

"သူ့အတွက် လက်ဖက်ရည်ကို ကုလားမခြင်းဆွဲနို့ဆီနဲ့ ဖျော်လို့တဲ့..."

"အဲဒီနို့ဆီက သူနဲ့ မတည့်လို့လား"

"မဟုတ်ဘူး ဆရာ... နာမည်ကြားရတာနဲ့တင် မချိမဆန့် နိုင်လွန်းလို့တဲ့..."

"ငါ နားမလည်ဘူး..."

"ဩော်... ကုလားကိုလည်း မထားရသေးတယ်၊ ခြင်းကိုလည်း ဆွဲ ထားရသေးတယ် မသက်မသာကြီးတဲ့..."

အစပိုင်းမှာ ရယ်မောရုံသက်သက်သာ ရှိနေသော ကျွန်တော်သည် ယခုတော့ နှစ်နှစ်ခြိုက်ခြိုက် ရယ်မိပါတော့သည်။ မည်သို့ပင် ဆိုစေ တော်ရုပ်ကို လူဆန်အောင် ဖန်တီးနေသော ကျွန်တော့်အတွက်တော့ လက် တွေ့ကျသော အောင်မြင်မှုတစ်ရပ်ပင်။

"ကဲလေ... အဲဒါတွေထားလိုက် အဲဒီကောင်ကို ငါ့ဆီ လွှတ်လိုက်"

"ဟုတ်ကဲ့ ဆရာ..."

"ဟုတ်ကဲ့..."

မကြာခင်မှာ ကျွန်တော့်ထံသို့ O.S ရောက်လာသည်။ ကျွန်တော် က ဆီး၍ ဆိုလိုက်သည်။

"မင်း ဘာကြောင့် ခုမှ ရောက်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

သူက လူသားဝတ်ရုံ အပြည့်အစုံနှင့် ရောက်လာခြင်း ဖြစ်သည်။ ကျွန်တော့်မေးခွန်းကို ထစ်ငေါ့စွာ ပြန်ဖြေ၏။

"ဟို... ဟို... ကောင်းကင်က အသီး ကျွန်တော့်မှာ ပြုတ် နေ လို့ပါ..."

"ဘာရယ်..."

သူ ဘာကို ဆိုလိုမှန်း အတော်ဆွေးနွေးပြီးမှ သိလိုက်သည်။ သူ့ အင်္ကျီမှာ ကြယ်သီးအချို့ ပြုတ်နေခြင်း ဖြစ်သည်။ ရယ်ရင်းနှင့် သက်ပြင်း မောကို ချရ၏။

"အခု... မင်း ဘာလုပ်ချင်လဲ"

"ရေခဲတွေက ခုန်တဲ့ရာသီမှာ ကျွန်တော် ခရီးထွက်ချင်တယ်..."

"အာ... ဘာ... ဘယ်လို"

"ဟို... ရေခဲတွေပျော်ပြီး ကခုန်ကြတဲ့ ရာသီ..."

"ဟိုး... ဟိုး... တော်ပြီ... ငါသိပြီ..."

သူက ရေခဲတွေ အရည်ပျော်သည့် နွေရာသီကို ဆိုလိုခြင်း ဖြစ်သည်။

"ဟိုလေ... အခြေခိုင်တဲ့မြို့ကို သွားချင်လို့..."

"ဘယ်မြို့လဲ..."

"သုံးခွမြို့..."

"ဘာသွားလုပ်မှာလဲ..."

"မီးရထားလိုလူနဲ့ ဝေးချင်လို့ပေါ့..."

"မီးရထားလိုလူ ဆိုတာ ဘယ်သူလဲ"

"ဆရာပေါ့... အမြဲတမ်း ခေါင်းမီးခိုးထွက်အောင် စဉ်းစားနေ

www.burmeseclassic.com

www.burmeseclassic.com

လူ..."

"အေးပါကွာ အေးပါ... ဒါ့ထက် မင်း အခု ဘာစားမလဲ"

"ကျွန်တော် မသောက်ပဲ ဝါးရတဲ့မုန့်ကို စားချင်တယ်"

စားဖိုမှူးကို ခေါ်ကာ ဒီကောင့်ကို ရေမုန့်ကျွေးရသည်။

"မင်း လူတွေကြားထဲရောက်ရင် စိုးရိမ်စရာ ဘာရှိမလဲ"

"ကျွန်တော့်ကို ရူးသွပ်သွားစေမယ့် တနင်္ဂနွေနံမျိုးနဲ့ မကြုံချင်ဘူး"

သူ့စကားကို ကျွန်တော် အတော်စဉ်းစားယူရ၏။ ပြီးမှ ရူးသွပ်စေသော ဦးခေါင်းကို အလေးထားကာ...

BURMESE CLASSIC

"ဘာလဲ မင်းခေါင်းကို အုန်းသီးမုန့်မှာ စိုးလို့လား"

"မဟုတ်ပါဘူး..."

"ဥသျှစ်သီးလား"

"မဟုတ်ပါဘူး..."

"ဒါဖြင့် ပြောကွာ ဘာလဲ..."

"ဟိုလေ... ကျွန်တော် ဥမ္မာဒန္တီနဲ့ မတွေ့ချင်ဘူး..."

"သေဟ..."

ထို့နောက်မှာမှ...

"အေး... အေး... မတွေ့စေရပါဘူးကွာ၊ မင်းကို ငါ လူကြားထဲ ထိတ်ချလက်ချ လွှတ်လိုက်တော့မှာပါ၊ လူတွေနဲ့ အဆင်ပြေအောင်နေ မှဆို မင်းမှာရှိတဲ့ အစေ့နှစ်စေ့ ကွဲသွားမယ်"

"ဟာဗျာ... ဆရာကလဲ"

"မင်းမျက်နှာက ဘယ်လိုဖြစ်သွားရတာလဲ၊ ငါက မင်းရဲ့နောက်စေ့ ခေါင်းစေ့ကွဲသွားမှာကို ပြောနေတာ၊ ကိုယ့်ဘာသာကိုယ် သတိထားပြီး

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သွားလာ…"

"ဟုတ်ကဲ့…"

"ကျဆုံးတဲ့အခါတိုင်းမှာ မင်းကိုယ်မင်း ပြန်အသက်သွင်းတဲ့ အတတ်ပညာ မင်းကို ပေးထားပြီးပြီပဲ၊ အေး… ငါ့ကိုတော့ မမျှော်နဲ့တော့…"

"ဗျာ… ဘာဖြစ်လို့လဲ…"

"မင်း လူကြားထဲ ဝင်ချင်တယ်… လူတော်တိုးချင်တယ် မဟုတ်လား…"

"ဟုတ်ကဲ့…"

"အေး… မင်း လူတော်တိုးနိုင်ဖို့ မင်းကို လူကြားထဲ ချပေးပြီးရင် ငါက ဇေတာရီ ကျင့်တော့မယ်…"

"အင်း… ဆရာ ဘာပြောတယ်…"

"မင်း လူတွေကြားရောက်ပြီး လူတော်တိုးစေပြီးရင် ငါကတော့ တစ်ယောက်တည်း ဇေတာရီထွက်ပြီး တရားကျင့်တော့မယ်ကွာ လူတွေကို ငါ ငြီးငွေ့နေတာ ကြာပြီ…"

"ဗျာ…"

❒

www.burmeseclassic.com

www.burmeseclassic.com

နတ္ထိကျမ်းစာ

ပြော[illegible]နှင်းတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူစိမ်းဆန်သောရနံ့ကို ရှူရှိုက်လိုက်ရသည်။

ပထမရနံ့က စူးရှပြင်းထန်သော ပန်းကြွေရနံ့။ သွေးစုပ်ပုတ်ကောင်က နမ်းသောပန်းမျိုး ဖြစ်လိမ့်မည်။ စိတ်ထဲမှ စူးစမ်းရင်းဖြင့် အဖြေမှန်ကို သိလာသည်။ အသုဘပန်းခွေ၏ရနံ့ ဖြစ်သည်။

ဒုတိယရနံ့က ညှီစို့စို့ရနံ့…။ လင်းတတို့၏ ကိုယ်သင်းရနံ့နှင့် ဆင်သည်။ တစ်ချက် နှစ်ချက် အသက်အောင့်ပြီးမှ ခပ်ပြင်းပြင်း ပြန်ရှူကြည့်သည်။ ထိုအခါကျတော့လည်း ဝေခွဲ၍ ရသွားသည်။ shroud ဟု ခေါ်သော လူသေပတ်သည့် အဝတ်မှ လာသောရနံ့ ဖြစ်သည်။

တတိယရနံ့ကတော့ အဆိုးဆုံးဖြစ်လေ၏။ ဘီလူးတစ်ကောင်၏ အာပုပ်နံ့နှင့် တူသည်။ သရဲများသောက်သော ဝိုင်အရက်နံ့နှင့်လည်း တူသည်။ နောက်ဆုံးမှာ လုံးလုံးလျားလျား ခွဲခြားလိုက်နိုင်သည် ...
ရနံ့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုရနံ့များက မည်သည့်အရပ်ဆီမှ လွင့်ရှားလာပါသနည်း။ အနီး အရပ်ကိုကော အဝေးအရပ်ကိုပါ ယောင်ယောင်ရမ်းရမ်း လှည့်ပတ်ကြည့် မိ၏။ အဘယ်သို့သော အနိဋ္ဌာရုံတောအုပ်မှာ အဘယ်သို့သော ကျိန်စာ လေပြည်တွေက အဆုပ်လိုက်အခဲလိုက် တိုက်ခတ်နေသနည်း။ ဘယ်လို မီးတောက်တွေက အရိုးကောက် ထွက်လာကြသနည်း။ အိုး... အဖြေကို သိပြီးနောက်မှာ သူ ချောက်ချားသွားသည်။ သူသိလိုက်ပြီ။

ထိုရနံ့သုံးမျိုးလုံးသည် သူ့ထံမှပဲ ထွက်ပေါ်နေခြင်း ဖြစ်သည်။

သေခြင်းတရား၏အဆင့်အတန်း မခွဲခြားမှုကို သူနားလည်ပါသည်။ တရားဓမ္မအရ မဟုတ်သည့်တိုင် လောကဖြစ်စဉ်အရ သူနားလည်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့အတွက်ကတော့ မောလွန်းလှသည်ဟု ထင်သည်။ အထင်သည် အထင်သာဖြစ်ပြီး မြင်နိုင်စွမ်း မရှိတော့ပါ။

ထိုသို့ဖြင့်...

သချိုင်းဆီ...

သူထွက်လာခဲ့တော့သည်...။

www.burmeseclassic.com

www.burmeseclassic.com

သချိုင်းက အရိုင်းဆန်ဆန် လှပနေသည်။ (အေးစက်သော မျက်လုံးများဖြင့် အဘိုးအိုတစ်ယောက်က ခါးကုန်းပြီး နှုတ်ဆက်သလို) 'အမင်္ဂလာပါ' ဟု ဆီးကြိုနှုတ်ဆက်၏။ သူလည်း လက်နှစ်ဖက် နောက်ပစ်ပြီး သေမင်း၏ သွားစွယ်များလို ထိုးထိုးထောင်ထောင်ဖြစ်နေသော အုတ်ဂူဖြူဖြူများရှိရာသို့ ထွက်လာခဲ့တော့၏။

အုတ်ဂူများကို လိုက်လံလေ့လာနေမိသည်။ အုတ်ဂူနံရံမှာ သေဆုံးသူ၏အမည်နာမနှင့် အတူ သူတို့၏အယူအဆများကို ရေးထိုးထားသည်။ လေ့လာရတာ စိတ်ဝင်စားစရာ ကောင်းပါသည်။

ပထမဆုံး စတင်လေ့လာမိသည့် အုတ်ဂူက **'ဝီလျံအီးဝေါ့တ်ဂလက်စတုံး'** ၏အုတ်ဂူ ဖြစ်သည်။ အင်္ဂလန် ဝန်ကြီးချုပ်ဟောင်းတစ်ယောက် ဖြစ်ကြောင်း သူသိပါသည်။ သူ့အုတ်ဂူမှာ သူ့အယူအဆကို ရေးထိုးထားသည်။

သူ မျက်မှောင်ကြုတ်ပြီး စဉ်းစားမိသည်။ လူတော်တွေ၊ လူကြီးလူကောင်းတွေ မဖြစ်ချင်နေပါ… အမှားတွေကိုတော့ မကျူးလွန်ချင်ပါ။

နောက်အုတ်ဂူကတော့ သူ အင်မတန်လေးစားသော အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး **'မဟတ္တမဂန္ဒီ'** ၏အုတ်ဂူ ဖြစ်သည်။ ၂၀ ရာစု၏ ဒုတိယအကြီးမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်သည်။ သူ့အုတ်ဂူမှာ ရေးထိုးထားသော စာသားကလည်း အေးချမ်းမွန်မြတ်လှ၏။

"ဘုရားကို တို့ကြောက်ကြစို့ ဒါဆို လူတွေကို တို့ကြောက်စရာမလိုဘူး"

သူ ခေါင်းတညိတ်ညိတ် တွေဝေနေမိ၏။ ခေါင်း[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

တွေဝေမိပြန်သည်။ သူက ဘုရားကို ကြောက်ပါသည်။ သို့သော် လူတွေကိုလည်း ကြောက်ဆဲဖြစ်၏။ နည်းနည်းတော့ ခက်နေသည်။

အုတ်ဂူတွေက အများကြီးဖြစ်သည်။ အကုန်လုံးကို သူ လိုက်မကြည့်နိုင်။ ဂူကြိုဂူကြားမှာ လျှောက်သွားရင်း လမ်းကြုံသလောက် ထိုအထဲကမှ သူ့ကို ဆွဲဆောင်မှုရှိသလောက် အုတ်ဂူများကိုသာ လိုက်လေ့လာမိသည်။ သူ့အနေအထားက သချိုင်းစာဖတ်သူတစ်ယောက်နှင့်ပင် တူနေသည်။ သို့သော် သူသည် သုတေသီမဟုတ်။ အသက်ရှူခွင့် ရနေသေးသော သေလူသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့စာသားတွေက လှပသလို ပြုံးစရာကောင်းသည်။ ဥပမာ ဆိုကြပါစို့...။ **'ဘာသာအာဒမ်ဘတ်ကပ်စ်'** ဆိုသူက ရေးထိုးထားသည်။ **'သောကတွေကို သေတ္တာထဲ ထည့်ပိတ်ပါ။ ပြီး ထိုသေတ္တာပေါ်မှာ ထိုင်ပြီး ရယ်နေလိုက်ပါ'** တဲ့...။ အဲဒါကတော့ ထားပါတော့...။ သူလည်း ရယ်ပြီးရော သေတ္တာကြီးကပါ ထ,ရယ်လျှင် မည်သို့ လုပ်မည်နည်း။ ထိုသို့ တွေးပြီး သူ့မှာ ရယ်ရခက် ငိုရခက် ဖြစ်ရသေးသည်။

အမေရိကန်သမ္မတရုစဗဲ့၏ သချိုင်းစာကျတော့ တစ်မျိုး။ အမေရိကန်နိုင်ငံ၏ ၃၂ ဦးမြောက် သမ္မတ ဖြစ်၏။ အုတ်ဂူမှာ သူ့နာမည် အပြည့်အစုံအဖြစ် **'ဖရန်ဘလ်ဒီလာနိုရုစဗဲ့'** ဟု ရေးထိုးထားသည်။ အမည်၏အောက်မှာ **'လူတွေဟာ ကံရဲ့အကျဉ်းသား မဟုတ်ဘူး... အကျဉ်းသားဖြစ်တယ်'** ဟူသော စာသားကို ထွင်းထား၏။ ... ကို ဘယ်သူက လာပေးသလဲ... ဟု သူ တွေးမိပြန်...

www.burmeseclassic.com

www.burmeseclassic.com

'ဝီလ်ဆင်ဗစ်နာ' ဆိုသူ၏ အုတ်ဂူကိုလည်း တွေ့သည်။ ထိုပုဂ္ဂိုလ်ကိုတော့ သူမသိချေ။ ရိုးရိုးသားသား ဝန်ခံရလျှင် တစ်ခါမှပင် မကြားဖူးဘူး။ သူ့သချိုင်းစာက အသွားအလာကောင်းပါသည်။

"မင်း ... အမြင့်သို့ တက်ချိန်မှာ လူတွေကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ။ ဘာကြောင့်လဲဆိုတော့ မင်းပြန်အကျမှာ သူတို့နဲ့ တွေ့ရဦးမှာပဲ"

လောကဓံ၏အနိမ့်အမြင့်၊ အတက်အကျကို တရားသဘောမျှတစွာ ဖြင့် ရင်ဆိုင်စေခြင်းဟု သူ နားလည်သဘောပေါက်ပါသည်။ သို့သော် သူကပဲ ထော်လော်ကန့်လန့်နိုင်သည်လား မသိ။ အတက်မှာ လူအချို့နှင့် တွေ့ပြီး အကျမှာတော့ အခြားလူများနှင့် တွေ့ရတတ်သည့် မီးပုံးပျံ ဦးကျော်ရင်ကို မြေးမြင်မိသည်။

'အမ်အက်ဖ်ကေဖစ်ရှာ' ဆိုသူ၏ အုတ်ဂူမှာလည်း ရေးထားသေးသည်။ ထိုစာသားကတော့ တစ်မျိုးကြီးဖြစ်၏။ **"ကမ္ဘာပေါ်မှာ သိနိုင်အခက်ခဲဆုံးအရာဟာ မစွဲရသေးတဲ့ ကြက်ဥပဲ"** တဲ့...။ ဘာလဲဟ...။ ထိုစကားအရဆိုလျှင် ကြက်ဥမဟုတ်ဘဲ တခြားဥဆိုရင်တော့ မရဘူးလား။ ပြန်လှန်ပြောစရာကြီး...။

'အော့စ်ဝေါလ်အေဗာရီ' ဆိုသော ပုဂ္ဂိုလ်၏ အုတ်ဂူကတော့ မှော်ကျောက်ကြီးဖြစ်သည်။ အုတ်ဂူချင်းအတူတူ မြေကြီးကို ကုန်းနမ်းနေသည်။ သူ့အုတ်ဂူနံရံမှ စာသားများနှင့်တော့ ကိုက်ညီပါသည်။ **"မင်း ဘယ်အချိန်လဲကျ လဲကျ တစ်ခုခုကိုတော့ ကောက်ယူလိုက်"** တဲ့။ လဲကျပြီး သတိလစ်သွားလျှင် ကောက်ယူဖို့ မေ့သွားနိုင်ပါသည်။ သတိရသည် ဆိုပါဦးစို့။ စိန်ခဲ မြခဲကို မကောက်မိဘဲ ဟိုဒင်းအခြောက်ကြီးကို ကောက်မိလျှင် မည်သို့လုပ်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

မမျှော်လင့်ဘဲ **'ဒန်နီယယ်လ်ဒီဖိုး'** ၏ အုတ်ဂူကို သွားတွေ့သည်။ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ ဖြစ်၏။ သူလည်း လေးစားစရာကောင်းသော စာရေးဆရာ ဖြစ်သည်။ သူ့အုတ်ဂူပေါ်မှ စာသားကို မျက်လုံးစူးစူးနှင့် ဖတ်ကြည့်မိသည်။ စာသားက ကောင်းသည်။

'အောင်နိုင်မှုကို ရစေတာဟာ အရှည်ဆုံးဓား မဟုတ်ဘူး၊ အနက်ရှိုင်းဆုံးပိုက်ဆံအိတ်'

ထိုစကားအတိုင်း သူ့မှာ နက်ရှိုင်းသော ပိုက်ဆံအိတ် ရှိပါသည်။ တစ်ခုတော့ ရှိသည်။ အထဲမှာ ပိုက်ဆံမရှိတာပဲ ခက်သည်။

'ပီတာယူစတီနော့ဗ်' ဆိုသူကျတော့ တစ်မျိုး၊ ကြံကြံဖန်ဖန် သူ့အုတ်ဂူကို အသည်းပုံ ဆောက်လုပ်ထားသည်။ လူပျိုကြီးလား၊ [illegible] ကြီးလားတော့ မသိ။ သူရေးထွင်းသွားသည်က **'တစ်ခါ [illegible]**

[illegible]

www.burmeseclassic.com

လည်း ရည်းစားထားချင်တယ်။ ဒါမှလည်း ဘယ်သူဟာ ကိုယ့်ပြိုင်ဘက် ဆိုတာကို သိရမှာပေါ့' တဲ့...။ သူ သတိလစ်ဟင်းသွား၍ ဖြစ်ပါလိမ့်မည်။ အမှန်တော့ ကိုယ့်ပြိုင်ဘက်ဆိုတာ ကိုယ်ပဲ မဟုတ်ပါလား။

'စတီဗင်ရိုက်' ၏ အုတ်ဂူမှာတော့ ရှေ့နောက်မညီသော စာသား ကို ရေးထွင်းထားသည်။ **'အရာရာတိုင်းကို မင်းမရနိုင်ဘူး။ ရရင်တောင် ဘယ်မှာ ထားနိုင်မှာမို့လို့လဲ'** တဲ့...။ အကြမ်းဖျဉ်း တွေးကြည့်လျှင်တော့ ဟုတ်သလိုလိုရှိသည်။ စေ့စေ့တွေးလျှင်တော့ အမှန်နှင့် ဝေးလေသည်။ အရာရာကို ရမှတော့ (ထိုအရာရာထဲမှာ) ထားစရာနေရာကိုပါ ရပြီ မဟုတ် ပါလား။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပင် သချိုင်းမြေ၏ လမ်းကွေးလမ်းကောက်များမှာ သူလျှောက်သွားရင်း သချိုင်းစာများကို ဖတ်မှတ် စဉ်းစားသွား၏။ **'ဆိုင်ရီကွန်နော်လီ'** ၏စာတမ်းကို သူ အတော်စိတ်ဖြာခွဲခြမ်းမိသည်။ **"လမ်းလျှောက်သင်ခါစ မှာတော့ ဘဝဆိုတာ ဝက်ပါကြီးပါပဲ"** တဲ့။ သူက ဖြည့်စွက် စဉ်းစားမိ၏။ **'လမ်းလျှောက်တတ်ချိန်ကျတော့ ဘဝဆိုတာ ချောက်ကမ်းပါးကြီးပါပဲ'** ဟု။ (ဝက်ပါနှင့် ချောက်ကမ်းပါးသည် စာလုံးပေါင်းသာမက ဖြစ်တည်မှုတို့လည်း ခြားနားလေသည်။)

အုတ်ဂူတွေ... အုတ်ဂူတွေ... သချိုင်းစာတွေ... သချိုင်းစာတွေ... နောက်ဆုံးထွက်သက်တို့ ဝေ့ပတ်တိမ်းပွေသည်အထိ အမြောက်အမြား သူ ဖတ်ခဲ့ရ၏။

နောက်ဆုံးမှာ...

www.burmeseclassic.com

www.burmeseclassic.com

သူချုပ်ငြိမ်းရမည့် အုတ်ဂူဆီသို့...

သူရောက်လာသည်။

သူ့အုတ်ဂူကို ကြည့်နေရင်း၊ မှောင်ညို့ညို့တွင် သက်ပြင်းကို သူချဖြစ်သည်။

သူ့အုတ်ဂူနံရံမှာ ဘာကိုမှ သူမရေးပါ။ ဗလာ...။ ဘာကိုမှ မရေးတော့ပါ။ ဗလာ...။ ထိုသို့ ဘာမှ မရေးခြင်းကပင် အပြည့်အစုံ ရေးခဲ့ခြင်းဟု သူခံယူသည်။ ထိုသို့ဖြင့် သူ့အုတ်ဂူကို သူဖွင့်ဝင်လိုက်သည်။ နောက်ဆုံးဝင်သက်ကို အပြင်းထန်ဆုံး ရှိုက်သွင်းလိုက်သည်။ ထွက်သက်ကလည်း (သူ့ကို နှုတ်ဆက်လျက်) ထာဝရ ထွက်ခွာလေတော့သည်။ အပြုံးတစ်စနှင့်အတူ ကျေနပ်စွာ လဲလျောင်းသေဆုံးလိုက်ပါတော့သည်။

လောကကြီးထဲမှာ သူ မရှိတော့ပါ...။ ဗလာ...။

ဂူသင်္ချိုင်းသည်လည်း မရှိတော့ပါ...။ ဗလာ...။

ထို့အတူ လောကကြီးသည်လည်း မရှိတော့ပါ... ဗလာ...။

❒

www.burmeseclassic.com

www.burmeseclassic.com

လူနှင့် နံနက်ခင်းတရား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မနက်က ကျွန်တော် သတင်းစာ ထိုင်ဖတ်နေသည်။ ကျွန်တော် သတင်းစာဖတ်ခြင်းကိစ္စသည် ထူးဆန်းသောကိစ္စ မဟုတ်ပါ။ ထူးဆန်းသည်က သတင်းစာ စောစောရောက်နေခြင်းပင် ဖြစ်သည်။

ခြံထဲမှာ သတင်းစာဖတ်နေခြင်းဖြစ်၍ ကျွန်တော့်နံဘေးမှာ ဖြူဖွေးဆိုသော ခွေးကလေး ရှိပါသည်။ သူက သည်လိုပဲ ကျွန်တော့်နံဘေးမှာ လာထိုင်နေကျ။

သည်ခွေးက နည်းနည်းထူးခြားသည်။ မျက်လုံးနှင့် စကားပြောတတ်ခြင်း ဖြစ်၏။ သူ့စိတ်ထဲမှ ခံစားချက်ကို မျက်လုံးနှင့် ဖော်ပြတတ်၏။ တစ်အိမ်လုံးကလည်း သူ့ကို သည်းသည်းလှုပ် ချစ်ကြ၏။ အသက် တစ်နှစ်ကျော်ရုံလေးသာ ရှိသေး၍ လျင်မြန်ဖျတ်လတ်သည်။ ဆော့စရာ လည်း အင်မတန်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

စကားစဉ်ကို ပြန်ကောက်ရပါမည်။

ကျွန်တော် သတင်းစာဖတ်နေချိန်မှာ သူ (ဖြူဖွေး) က တစ်စုံတစ်ရာကို ငြိမ်သက်ကြည့်ရှုနေကြောင်း သတိထားမိ၏။ အကောင်းကြည့်ခြင်း မဟုတ်။ ရန်ပြုမည့်သဘော ရှိသည်။ သို့သော် (မှန်ကန်စွာ ဝန်ခံရလျှင်) ကျွန်တော် ဤမျှလောက် ဂရုမထားမိပါ။

နောက်တော့...

"ရှူး..."

ထိုနှာမှုတ်သံကြီးကြောင့် ကျွန်တော် လန့်သွားပါသည်။

လှည့်ကြည့်လိုက်တော့ မြွေကြီးတစ်ကောင်။

မြွေက အတော်ကြီးသည်။ ယောကျ်ားတစ်ယောက်၏ လက်မောင်းလုံးလောက် ရှိသည်။ ကျွန်တော် နည်းနည်း ခေါင်းနားပန်း ကြီးသွားပါသည်။

"ဟာ... ပြဿနာပဲ..."

ကျွန်တော် မည်သို့လုပ်ရမည်မှန်း မသိသေးချိန်မှာ အမှန်တကယ်လုပ်သူက ဖြူဖွေးဖြစ်၏။ ဆွဲခနဲခုန်ပြီး မြွေကို ခြောက်၏။

"ဝုတ်... ဝေါင်း..."

မြွေကလည်း ငြိမ်ခံနေသည် မဟုတ်ပါ။ ကိုယ်ကို တွန့်လိမ်ပြီး ပြန်လည်တိုက်ခိုက်ရန် ပြင်၏။ မြင်ရပုံကပင် အသည်းယားစရာ ကောင်းလှပါတော့၏။

"ဟော့..."

ကျွန်တော် မည်သူ့ကို အော်လိုက်မှန်း ကျွန်တော်ကိုယ်တိုင်ပင် မသိပါ။ သို့သော် နှစ်ကောင်လုံး ရပ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁) ကိုယ့်ခွေးက ကိုယ်အော်လိုက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

(၂) မြွေက ဘာကြောင့် ရပ်သွားမှန်း မသိ။

တစ်ဖက်မှလည်း ပြန်စဉ်းစားမိသည်။

(၁) ကျွန်တော့်ခွေးက ကျွန်တော့်အမိန့်ကို စောင့်ရင်း ရပ်ခြင်း ဖြစ်နိုင်ပါသည်။

(၂) မြွေကြီးက ကျွန်တော် ထရပ်၍ ရပ်သွားခြင်း ဖြစ်နိုင်ပါသည်။

(၃) နှစ်ကောင်စလုံးက အစကတည်းက ဘာမှ မဟုတ်သည်ကြောင့် (ပြောရလျှင် အစကတည်းက တိုက်ခိုက်ဖို့ ရည်ရွယ်ချက် မရှိသောကြောင့်) ဖြစ်နိုင်ပါသည်။

နောက်တစ်ခါ...

ကျွန်တော်က ဘာကြောင့် ဟန့်မိသလဲ...

(၁) ဖြူဖွေးက နောက်ပြန်လှည့်မလာလျှင် ထိုမြွေကို ကျွန်တော် မည်သို့ မောင်းနှင်ရမည်နည်း။

(၂) ကျွန်တော့်ဟန့်သံကြောင့် တွေဝေသွားသော ဖြူဖွေးက ထိုမြွေ၏တိုက်ခိုက်မှုကို ခံရလျှင် မည်သို့ ဖြစ်မည်နည်း။

(၃) ဖြူဖွေးက နံဘေးရှောင်ပေးလိုက်ပြီး မြွေက ကျွန်တော့်ဆီ တန်းလာလျှင် မည်သို့ လုပ်ရမည်နည်း။

နောက်ဆုံးတော့...

ခွေးက ပြန်လှည့်လာပြီး မြွေကလည်း ရှောင်ထွက်သွားပါသည်။ ထိုအခါကျမှပဲ ကျွန်တော်လည်း အသက်ဝဝ ရှုနိုင်ပါတော့သည်။ ကျွန် တော် ဖြစ်ပျက်ခဲ့သမျှသည် ခဏငယ်အတွင်းမှာ ဖြစ်ပါသည်။ ကြောက် မက်ဖွယ်ရာကောင်းသော လူ့စိတ်၏လျင်မြန်မှုကို ပြန်ကြည့် ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ခြင်း ဖြစ်ပါသည်။

ဒါတောင် ကျွန်တော် ထည့်မပြောတာတွေ ရှိသေး၏။ ထိုစိတ်ကို ဘာသာရေးအရ သရုပ်ခွဲကြည့်လျှင် ရင်ဖိုစရာ ကောင်းလှမည်။ စာအုပ်စင်ပေါ် ဖုံတက်နေသော ဗုဒ္ဓအဘိဓမ္မာစာအုပ်ကလေးကို အားကိုးတကြီး လှမ်းကြည့်နေမိတော့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးသွားအက်ဆေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းဝေ
တစ်ပါးသွားအက်ဆေး

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုပတ်ထားသော စက္ကူစက ဘတ်လတ် ဘတ်လတ် ဖြစ်နေသည်။ လေတိုက်လျှင်ပဲ ဖြစ်ဖြစ် အခြားအကြောင်းအရာတစ်ခုနှင့် ကြုံလျှင်ပဲဖြစ်ဖြစ် အခံရခက်လောက်အောင် တဖျပ်ဖျပ် လွင့်ထောင်သည်။ ကိုယ်မှာကပ်နေသော အနာရွတ်ကို ခွဲချွတ်ခံရသလိုမျိုး ဖြစ်သည်။

ထိုစက္ကူမှာ ရေးထားသော စာသားများကို အချို့လူတို့က စူးစူးဝါးဝါး ဖတ်ကြ၏။ အချို့ကတော့ တစ်ချက်မျှသာ လှမ်းကြည့်ပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက်သွားကြသည်။ သူ့ကို ဂရုပင် မစိုက်ကြ (ကြားဖြတ်ပြောရပါဦးမည်။ သူက ပုလင်းတစ်လုံး ဖြစ်ပါသည်။)

ကိုယ့်ရင်ထဲမှာ ဘာတွေရှိမှန်း ကိုယ့်ဘာသာပင် မသိသူတွေ လောကကြီးမှာလည်း များလှပါလိမ့်မည်။ သူကတော့ သူ့ဗိုက်ထဲမှာ ဘာတွေရှိမှန်း မသိပါ။ သူ ဘာတွေကို မြိုထားရမှန်း သူ့ဘာသာသူ မသိပါ။

www.burmeseclassic.com

တစ်ခုခုတော့ တစ်ခုခု ဖြစ်ပါလိမ့်မည်။ ထို့ထက်ပိုပြီး ဘာကိုမှ မပြော နိုင်ပါ။

အစာတွေကို မြိုထားရသည် ဆိုပါစို့…။ သူ ဝဖြိုးလာရပါလိမ့် မည်။ အဆိပ်တွေကို မြိုထားရသည် ဆိုပါစို့…။ သူ လူးလိမ့်နေရပါ လိမ့်မည်…။ တစ်ခါတစ်ခါကျတော့လည်း ဝမ်းလျားထိုးလှဲမှောက်ပစ် လိုက်ချင်သည်။ ထိုအခါကျမှ အထဲက အရာတွေ ထွက်ကျလာပါလိမ့် မည်။ 'ဘာတွေ' ဆိုတာကိုလည်း မျက်လုံးနည်းနည်းဖြင့် ကြည့်ခွင့်သာပါ လိမ့်မည်။

ထိုစက္ကူစသည် သူ့ကို လုံချည်လို ပတ်ထားသည် ဆိုပါစို့…။ ပုဆိုးလား ထဘီလား ကွဲကွဲပြားပြား သိချင်မိသေးသည်။ သို့မှသာ သူ့ ကိုယ်သူ အထီးလား အမလား ပြန်သဘောပေါက်ရပါလိမ့်မည်။ ဤ အတိုင်းကြီးကတော့ အတော်ခက်နေပါသည်။

ခေါင်းပေါ်မှာ ဦးထုပ်ဆောင်းထားသည်ဟုပဲ ယူဆရမည်လား။ အဖုံးဆိုတာကြီးက သူ့ကို ဖုံးထားသေးသည်။ ဘာကိစ္စ လာဖုံးထားရပါ သနည်း။ တစ်ခုခု ပေါ်သွားမည်ကို စိုးရွံ့၍လား။ ထိုအဖုံးပေါ်မှာ ရိုက်နှိပ် ထားသည့် တံဆိပ်ကကော ဘာလဲ။ ဒါကိုလည်း သူမသိ…။ သိတော့ သိချင်သည်။ သိချင်တာကလည်း သူ့အလွန် မဟုတ်ဟု ခံယူသည်။ မည်သို့ပင်ဖြစ်စေ မသိတာကလည်း မသိပြန်…။ သည်ဘဝမှာတော့ သည်သို့ ခံနေရလေသည်။

ဘယ်ကိုမှ မသွားလိုခြင်းလည်း မဟုတ်။ ကိုယ်ဖြစ်တည်မှုဆီ ကိုယ်သွားလိုခြင်းသာ ဖြစ်သည်။ သို့တိုင်အောင် ကိုယ့်ဆီ ကိုယ်ပြန် လျှောက်ဖို့ရာ မြေပုံမရှိ။ တစ်ယောက်ယောက်ဆီမှာတော့ ရှိကောင်းရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်မှာကတော့ မရှိတာ သေချာသည်။

တစ်နေ့မှာ လူတစ်ယောက်က သူ့ကို ကုန်စင်အောင် [illegible] လိုက်၏။ တစ်စုံတစ်ရာကို သူ နားမလည်သော ဘာသာစကားဖြင့် ညည်းတွားသည်။ ပြီး သူ့ကို အမှိုက်ပုံးဆီ လှမ်းလွှင့်ပစ်သည်။ အရိုးဆွေးနေသော အမှိုက်များကြားသို့ သူ တလိမ့်ခေါက်ကွေးကျသွား၏။ သူသေဆုံးသွားပြီဟု သိလိုက်၏။ ဓာတ်ကနာခဲ့ပြီ သေသာသွားရော...။

သူ့ကိုယ်သူ ဘာမှန်း မသိလိုက်ချေ။

❒

www.burmeseclassic.com

www.burmeseclassic.com

လူနှင့် သူငယ်ချင်းရစ်သမ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

အိမ်ပေါက်ဝဆီမှ အရိပ်တစ်ခု မြင်လိုက်ရသလို ရှိသောကြောင့် အားယူပြီး ခေါင်းမော့ကြည့်မိသည်။ ထင်မထားပါပဲ သူငယ်ချင်းကို တွေ့ရလေသည်။

"မင်း ဘယ်လိုရောက်လာတာလဲ"

"ရှင် ဒီမှာရှိတယ်ဆိုတော့ ကျွန်မ ရောက်လာရတာပေါ့"

"မင်း အခု ဘယ်က လာတာလဲ"

"ကျွန်မနေတဲ့မြို့ကပေါ့ ..."

မောလာသဖြင့် စကားကို ဆက်မပြောနိုင်ချေ။ သူငယ်ချင်း၏အဖြူရောင်အင်္ကျီနှင့် အဝါရောင်လုံချည်တို့သည် လေအလာတွင် တလှုပ်လှုပ်လွင့်နေသည်။ ဆံနွယ်စများကလည်း ကပိုကရို။

သူမက သူ့ကို စေ့စေ့ကြည့်ပြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ တစ်ယောက်တည်းနေတာလဲ"

"တစ်ယောက်တည်း ရှိလို့ပေါ့"

သူ့ခုတင်နံဘေးမှ မြောက်မြားစွာသော ဆေးပုလင်းများကို ကြည့်ကာ သူမ က သက်ပြင်းချ၏။

"ကျွန်မရောက်လာမယ်လို့ ရှင် မျှော်လင့်မထားဘူး မဟုတ်လား"

"မျှော်တော့ မျှော်မိပါတယ်... ထင်တော့ မထင်မိဘူး..."

သူငယ်ချင်းက ပြန့်ကျဲနေသော သူ့စာမူများကို စိစိရိရိ ကောက်သိမ်းပေးရင်း...

"ရှင် တော်တော်ခက်တဲ့လူ"

"မလွယ်မှန်းတော့ ကိုယ့်ကိုယ်ကိုလည်း သိပါတယ်"

သူငယ်ချင်းက ဘာမှ မပြောတော့ချေ။ သူ့အခန်းကိုသာ ရှင်းလင်းပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

"တစ်နေ့ကုန် ရှင် ခုတင်ပေါ်မှာပဲ လှဲနေရတာပေါ့..."

"တစ်ခါ တစ်ခါ လေသာဆောင်မှာ သွားထိုင်တယ်"

"စားတော့ သောက်တော့ကော..."

"ထမင်းဆိုင်က ချိုင့်နဲ့ လာပို့တယ်"

သူငယ်ချင်းက ခေါင်းကို တွင်တွင်ခါယမ်း၏။

"ရှင် ဒီလို လွယ်လွယ်သေသွားဖို့ မကြိုးစားနဲ့လေ..."

"မကြိုးစားပါဘူး သူ့ဘာသာ လွယ်လွယ် သေသွားမှာပါ"

"တော်တော့..."

ထိုသို့ပြောပြီး သူမက တစ်အိမ်လုံးကို လှည့်ပတ် ရှင်းလင်းသော၏။ သူ့ကိုလည်း ဂရုထားဟန် မပြပါ။ ထရေစီဟန်း၏ သီချင်းများကို ညည်း

www.burmeseclassic.com

www.burmeseclassic.com

နေသည်။ သို့သော်လည်း ပြတ်တောင်း ပြတ်တောင်းမျှသာ။

"ဟော့..."

သူ့ခေါ်သံကြောင့် သူငယ်ချင်း၏တေးသံက တိတ်သွားသည်၊

"ဘာလဲ"

"မင်း ကိုယ့်ကို သတိရနေသေးတယ်နော်..."

"ကျွန်မက ရှင့်ကို လွယ်လွယ် အသေမခံနိုင်ဘူး၊ အို... ရှင်သေကို မသေစေရဘူး..."

"ကိုယ့်ရောဂါအကြောင်းကို ဆရာဝန်အသိဆုံးပါ..."

"ရှင့်အကြောင်းကို ကျွန်မ အသိဆုံးပါ"

ထို့နောက် သူငယ်ချင်းက သူ့ကို အိုဗာတင်းတစ်ခွက် ဖျော်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

သူငယ်ချင်းက စိတ်မဝင်စားဟန်ဖြင့် မေးသည်။

"ဒီအတိုင်းပဲ နေသွားမလို့လား…"

မကျန်းမာပါပဲလျက် သူတစ်ယောက်တည်း ဤသို့နေခြင်းကို ဆိုလိုပုံပေါ်ပါသည်။

"ဘဝက ဒါပဲလေ… ဒီလိုပဲ နေရတော့မှာပေါ့…"

သူငယ်ချင်းက ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းခါသည်။

"ရှင် ဒီအတိုင်း အသေခံတော့မလို့လား…"

"အင်း… သေရင်လည်း သေသွားမှာပေါ့…"

"ရှင် အသေခံလို့ မဖြစ်သေးဘူး…"

သူငယ်ချင်းကို ထိုစကားကို ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

များကို ဖွားခဲနဲ လွှင့်သပ်တင်၏။ သူမသည် သူ့သတင်းကို ကြားကြား ချင်း ဝေးလံလှသော နယ်စပ်မြို့လေး တစ်မြို့ဆီမှ သူ့ထံသို့ ရောက်လာ ခြင်း ဖြစ်သည်။ သူမ၏ ဖတ်လက်စ ဒဿနကျမ်းစာအုပ်များ၊ အနုပညာ သီအိုရီစာအုပ်များကို ပစ်ချထားခဲ့ပြီး သူ့ဆီသို့ အရောက်လာခဲ့ခြင်း ဖြစ် လေသည်။

သူ့ကို အသက်ရှင်လျက် တွေ့ရ၍ သူမက ဝမ်းမြောက်ဟန် မပြ သလို သူကလည်း ကျေးဇူးတင်စကား မဆိုဖြစ်ပါ။ သူတို့က ထိုသို့ပင် ဆက်ဆံရင်းစွဲ ရှိကြလေသည်။

"မင်းနဲ့ ကိုယ် ဘယ်လိုရင်းနှီးခဲ့ကြတာလဲ"

"ကျွန်မ မေ့သွားပြီ"

"အဟင်း... ကိုယ်လည်း အတူတူပဲ"

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ ရယ်ရင်းတန်းလန်း သူက ချောင်းဆိုးသဖြင့် သူမက သူ့ကျောကုန်းကို ဖွဖွထုပေးသည်။

"ကိုယ် ဒီလို မရယ်ရတာ ကြာပြီ"

"ကျွန်မကြောင့် ရယ်ဖြစ်တယ်ဆိုရင် ကျေးဇူးတင်ပါတယ်"

ထိုစကားကြောင့် ထပ်ရယ်ဖြစ်ကြသည်။ အရယ်အဆုံးမှာ သူငယ် ချင်းက...

"ရှင် အနုပညာအလုပ်တွေ ဆက်လုပ်ဦးမှာလား..."

"လုပ်မှာ..."

"ရှင်သေရင် ဘယ်စာအုပ်ကို ထားသွားမှာလဲ"

"အဲဒီစာအုပ်ကို ခုထက်ထိ မရေးရသေးဘူး..."

"ဒါဆိုရင် မသေနဲ့ဦးပေါ့..."

www.burmeseclassic.com

www.burmeseclassic.com

"မင်းကလည်း အတင်းကြီးပဲ၊ ဒါ့ထက် မင်း မနက်စာ စားပြီး ပြီလား..."

"ဟင့်အင်း... ရှင့်ထမင်းချိုင့်လာမှပဲ နည်းနည်းဝင်စားမယ်..."

သူ့ကို ရယ်စရာတွေ ရှေးဟောင်းနှောင်းဖြစ်တွေ ထိုင်ပြောနေသော်လည်း တစ်ချက် တစ်ချက် အမောဖောက်နေသော သူ့ကို ကြည့်ကာ သူငယ်ချင်း၏မျက်နှာလေးက တည် တည်သွားသည်။ ညနေ လေး နာရီကျော်တွင် သူငယ်ချင်းပြန်သွား၏။ သူ ခြောက်သွေ့စွာ ကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထို့နောက်ပိုင်းမှာ ကာလအတော်ကြာသည်အထိ သူနှင့် သူငယ်ချင်းတို့ အဆက်အသွယ် မရှိတော့ပါ။ သူ၏ ကျန်းမာရေးအခြေအနေက ပိုမိုဆိုးရွားလာ၏။ သူ စကားပြောနိုင် ရှိသေးသော အချိန်ကလေးမှာ သူငယ်ချင်းထံမှ စာရှည်ကြီးတစ်စောင် ရောက်လာ၏။ 'နေကောင်းအောင်နေနော်' ဟု ထပ်ကာ ထပ်ကာ ဆိုထား၏။ သူ စာပြန်နိုင်စွမ်း မရှိပါ။ ထို့ကြောင့် ကက်ဆက်တိပ်ခွေထဲမှာ အသံသွင်းပြီးတော့သာ တုံ့ပြန်စကားပေးဖြစ်၏။ ထိုသို့ဖြင့်ပင် နံနက်၏နေရောင်ကို ငေးရင်း ည၏ကြယ်စုများကို ကြည့်မောရင်း မိုးဖွဲဖွဲရွာနေသော နေ့တစ်နေ့မှာ သူ သေဆုံးသွားပါသည်။

သူ့ဈာပနာသို့ သူငယ်ချင်း မလာပါ။ ထိုနေ့မှာ သူမသည် တိတ်ဆိတ်စွာ နေကောင်းနေပါမည်။ ဆံနွယ်ခက်အချို့ကို နှုတ်ခမ်းနှင့် ကိုက်ရင်း အဝေးသို့ ငေးချင် ငေးပါမည်။ သေချာသည်ကတော့ တစ်ခါတုန်းက သူမမှာ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



အောက်ဆီရှင်ပြတ်သွားတဲ့ နဂါး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁၈၇၈ နိုဝင်ဘာ စတုတ္ထပတ်

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ တရားခုံရုံးတစ်ခု

လန်ဒန်မြို့သည် ကမ္ဘာပေါ်တွင် မြူနှင်းအထူထပ်ဆုံး မြို့ဟု သိမှတ်ခဲ့ရဖူး၏။ သိမှတ်ဖူးသည့်အတိုင်း မှန်ကန်စွာပင် မြူနှင်းတို့က အုံ့ပျညိုလွှင်...။ တရားခုံရုံးတစ်ခုမှ ကြားနာသူ လူပရိသတ်များထဲတွင် တစ်ယောက်အပါအဝင်အဖြစ် ကျွန်တော် ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။

ထူးခြားဆန်းကြယ်သော မှုခင်းတစ်ရပ်ဖြစ်၍ ကြွရောက်ကြားနာသော မြို့မိမြို့ဖများ၏ ရင်ထဲမှာပင်လျှင် စိတ်အမောတို့ ငွေ့ငွေ့တက်သည်။ ကျွန်တော့်ကိုတော့ မည်သူကမှ အမှုမထား။ ကျွန်တော်[illegible] မျက်နှာရှေ့မှ မြူနှင်းပါးပါးကိုသာ ဘာရယ်မဟုတ်ပဲ [illegible] မကြာမီ အမှုကို စစ်ကြတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအမှုကို စတင်မွေးဖွားလာသူကတော့ ပညာတတ် သုခမိန်ကြီးတစ်ဦးပဲ ဖြစ်ပါသည်။ ပုရောဟိတ်ဆန်သော ဥပမိရုပ်မျိုးဖြင့် ခန့်ညားထည်ဝါလှသူဖြစ်ပြီး အောက်စဖို့ဒ်တက္ကသိုလ်မှ အနုပညာပါမောက္ခလည်း ဖြစ်သည်။ သူက ဂျိမ်းဝှစ်စလာ (James Abott Mc Neil Whisler) ၏ ပန်းချီကား၊ ပန်းချီလက်ရာများကို ဝေဖန်သည်။ ရိုးရိုးဝေဖန်ခြင်း မဟုတ်ဘဲ ကလောင်လေလည်သလို ဝေဖန်ခြင်း ဖြစ်၍ တစ်ဖက်မှ တုံ့ပြန် အရေးဆိုရင်း ဤအမှုအခင်း ပေါ်ပေါက်လာခြင်း ဖြစ်သည်။

"... စိတ်ထဲမှာ ထင်ရာမြင်ရာဆေးတွေ လျှောက်ပက်ထားတဲ့ ပန်းချီကားဖြစ်တယ်။ အမှိုက်သရိုက်သက်သက်ပါပဲ။ ဒီလို ပန်းချီကားမျိုး ဖြစ်ဖို့ ၁၅ မိနစ်လောက်ပဲ အချိန်လိုမယ်၊ ပန်းချီကားလို့တောင် မခေါ်ထိုက်ပါဘူး။ ပန်းချီဆရာရဲ့ ကျပ်မပြည့်တဲ့ ဘဝင်ကိုင်မှုဟာ ရည်ရွယ်ချက်ရှိရှိ လိမ်လည်မှုဆီ ရောက်လုရောက်ခင်ပါပဲ..."

အဲဒီလို ဝေဖန်သူက ကမ္ဘာကျော်ဝေဖန်ရေးဆရာကြီး ဂျွန်ရပ်စကင် (John Ruskin) ပါပဲ။ ဒီပန်းချီကား၊ ဒီပန်းချီဆရာနဲ့ ပတ်သက်ပြီး သူ့ဝေဖန်ချက်တွေက လိုအပ်တာထက် ပိုပြီးကြမ်းတယ်။ တင်ပြပေးရတဲ့ စကားလုံးတွေကတောင် လျှာထွက်မတတ် ပင်ပန်းခဲ့ကြရတယ်။ ဝှစ်စလာဘက်က ရင်နာမယ်ဆိုရင်လည်း နာစရာပါပဲ။

ဟိုဟိုသည်သည် ကျွန်တော် လျှောက်တွေးနေမိချိန်မှာပဲ အမှုစစ်ဆေးမှုကို စတင်ပါပြီ။ ပန်းချီဆရာ ဝှစ်စလာဟာ အရပ်ငါးပေ လေးလက်မ လောက်ရှိတဲ့ လူပုလေးပါ။ ရုပ်ရည်ကလည်း သာမန်အနေအထားလောက်ပဲမို့လို့ ခန့်ညားထည်ဝါမှု မရှိပါဘူး။ အခု ရှေ့နေချုပ်က သူ့ကို မေးခွန်းတွေ မေးပါမယ် သူက ဖြေရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

"တော်ဝင်အကယ်ဒမီကို ကျွန်တော့်ပန်းချီကားတွေ ပို့ခဲ့ဖူးပါတယ်။ အပယ်ခံရတာချည်းပါပဲ..."

ပန်းချီဆရာဝှစ်စလာက ခံစားချက်အပြည့်နဲ့ ပြောပြနေတာပါ။ ကျွန်တော် နားလည်စာနာမိပါတယ်။ 'ပြင်သစ်က မိုနေးတို့အုပ်စုလည်း ဒီလိုပဲ တော်ဝင်အသင်းရဲ့ ပစ်ပယ်မှုကို ခံခဲ့ရတာပါပဲ။ ရေနွှားဆိုရင် ပန်းချီကျောင်းကတောင် အထုတ်ခံရဖူးတယ်'။

"ဂရောဗီနာပြခန်းမှာ တင်ခဲ့တဲ့ ကျွန်တော့်ရဲ့ ပန်းချီကားဟာ ကရီမုန်တံတားမှာ ညအချိန် မီးပန်းဖောက်တာကို ရေးဆွဲထားတာပါ။ အနုပညာဆန်ဆန်ပါပဲ"

ကျွန်တော့်အာရုံထဲမှာ မြူနှင်းတွေကြားထဲက လှေကြီးတစ်စီးကို ပေါ်မြင်မိတယ်။ အဲဒီလှေကြီးထဲမှာ အခန်းဖွဲ့ပြီး ပန်းချီဆရာ မိုနေးဟာ မြစ်ရေပေါ်ကျနေတဲ့ အလင်းရောင်အမျိုးမျိုးကို ပန်းချီရေးဆွဲခဲ့ဖူးတယ်။ အခု ဝှစ်စလာလည်း အဲဒီလိုပဲ နေမှာပေါ့။ ကျွန်တော်ကတော့ အားပေးမိတယ်။ (အဲဒါက လွဲရင် ဘာမှလည်း မတတ်နိုင်ပါဘူး)

"အဲဒီပန်းချီကားကို ဂီနီ ရွှေဒင်္ဂါး ၂၀၀ လို့ ဈေးတပ်ထားတာ များတယ်လို့ အပြောမခံရနိုင်ဘူးလား"

"ပြောလာနိုင်ပါတယ်"

"ဒီပန်းချီကားကို ဆွဲတာ ဘယ်နှစ်ရက် ကြာလဲ"

"တစ်ရက်ပေါ့ ဟိုဖြည့် ဒီဖြည့်နဲ့ဆိုရင် နှစ်ရက်ပေါ့..."

"နှစ်ရက်ကလေး လုပ်ရတာကို ဂီနီဒင်္ဂါး ၂၀၀ တောင်းတာ[illegible]"

"ဟင့်အင်း... နှစ်ရက်လုပ်ခ ဆိုပြီး တောင်းတာ [illegible] တစ်ဘဝလုံး ဆည်းပူးခဲ့ရတဲ့ ကျွန်တော့်ပညာအတွက် [illegible]"

www.burmeseclassic.com

အမှုကို လာရောက်နားထောင်သူများထဲမှ လက်ခုပ်သံ ဝေါခနဲ ထွက်လာသည်။ ထိုသို့ လက်ခုပ်တီး ဩဘာပေးသူများထဲတွင် ကျွန်တော် လည်း အပါအဝင် ဖြစ်ခဲ့၏။

သူ့ဘာသာ ပန်းချီကားတစ်ချပ်ကို နှစ်ရက်မဟုတ်၊ နှစ်နာရီတည်း ဆွဲဆွဲ တစ်ရက်မဟုတ်၊ တစ်နာရီထဲ ဆွဲဆွဲ ဘာဖြစ်လဲ...။ သူ့ရဲ့အနုပညာ စိတ်ပိုင်းဆိုင်ရာ ဗိုင်းရပ်စ် Artistic Mantal Virus နိုးကြားနေရင် ဘာမဆို ဖြစ်တယ်။ Action Painting တွေဆို ဘယ့်နှယ်လုပ်မလဲ။ ထိုအတိုင်း ကျွန်တော်က တရစ်ဝဲဝဲ တွေးနေမိသည်။

"ဘက်တာဆီ တံတားနားက မြစ်ရေပြင်ပေါ် လရောင်ထိုးကျ တာကိုလည်း ကျွန်တော် ဆွဲလိုက်တယ်၊ တံတားကို ပုံတူဆွဲတာ မဟုတ် ပါဘူး။ လရောင်ရဲ့ အလင်းပြန်မှုကို ဆွဲတာပါ။ တချို့တွေ ခံစားလို့ ရနိုင်ပေမယ့် တချို့တွေ ခံစားလို့ရမှာ မဟုတ်ပါဘူး။ အရောင်တွေရဲ့ပေါင်း စပ်မှုရစ်သမ်ကို ကျွန်တော် တင်ပြချင်တာပါ..."

သမရိုးကျ ပန်းချီရေးဟန်ကို ပုန်ကန်သော ပန်းချီဆရာအချို့ ရှိခဲ့ ဖူးသည်။ ထိုထဲမှ အချို့သည် ဒြပ်ထုကို အဓိကမထားပဲ တစ်ချိန်နှင့် တစ်ချိန် တဖျပ်ဖျပ်ပြောင်းလဲ ပြေးလွှားနေသော အလင်းရောင်ကို မိအောင် ဖမ်းဆွဲတတ်ကြသည်။ Impressionist များဟု ချိုးနှိမ် ခေါ်ဝေါ်ခံခဲ့ရ၏။ သူတို့ကိုယ်တိုင်ကလည်း ထိုအမည်ကိုပဲ လက်ခံယူခဲ့ကြ၏။ ဗွစ်စလာသည် အင်ပရက်ရှင်းနစ် ပန်းချီဆရာတစ်ယောက်ပင်။

"ခင်ဗျားရဲ့ ပန်းချီပညာဟာ ဘဝနဲ့ ရင်းခဲ့ရတာလို့ ဆိုတယ်။ ဒါပေမယ့် ခင်ဗျားရဲ့ပန်းချီကားကို ဘာမှလည်း မဟုတ်ပါဘူးကွာလို့ ဆိုကြတာမျိုးကို ကြုံဖူးပါသလား"

www.burmeseclassic.com

www.burmeseclassic.com

"ကြဲ့ဖူးပါတယ်၊ အဲဒီလို ကောက်ချက်ချတာတွေကို ကြားဖူးပါတယ်။ ဥပမာ မစ္စတာရပ်စ်ကင်ပေါ့..."

ကျွန်တော် ငိုင်တွေနေမိသည်။ မစ္စတာရပ်စ်ကင်ကိုလည်း အပြစ်ကြီးပြော၍ မရနိုင်။

"ဝေဖန်ရေးသမားရဲ့ တာဝန်ဟာ အနုပညာလက်ရာကောင်းနဲ့ အနုပညာလက်ရာဆိုးကို ခွဲခြားပေးဖို့ပါပဲ...။ အနုပညာ လက်ရာဆိုးတွေကို ပြည်သူ့ရှေ့မှောက် မရောက်အောင် တားမြစ်ပေးဖို့ပဲ..."

"လေးစားလောက်တဲ့ ဝေဖန်ရေးဆိုတာ ဥပဒေအတိုင်းပါပဲ။ အကြောင်းနာတရား ထားတယ် ဆိုပေမယ့်လည်း တစ်ခါ တစ်ခါတော့ မှားကျောရတယ်"

ရပ်စ်ကင်၏ အယူအဆများ ဖြစ်ပါသည်။ သူ့ဘက်က သူ မှန်ကန်ပါလိမ့်မည်။ သို့သော် အနုပညာသည် အနုပညာသာ ဖြစ်ပါသည်။ ထို့ကြောင့်...

"မစ္စတာ ဗုစ်စလာ ခင်ဗျားဟာ ဘဝတစ်လျှောက်လုံးကို ပန်းချီအနုပညာထဲမှာပဲ နစ်မြုပ်နေခဲ့တယ်လို့ ဆိုတယ်။ အခု ခင်ဗျားပန်းချီကားရဲ့အလှတရားကို ကျုပ်မြင်လာအောင် လုပ်ပေးမလား၊ လုပ်ပေးနိုင်မလား..."

ရုံးတော်တစ်ခုလုံး ငြိမ်သက်သွားသည်။ ဗုစ်စလာကလည်း အတော်ကြာသည်အထိ ချင့်ချိန်စဉ်းစားနေသည်။ မည်သူကမှ အသံတွေ [illegible] ဗုစ်စလာက သူ့ပန်းချီကားကို ကြည့်လိုက်၊ ရှေ့နေဘက်ကို [illegible] နှင့် တစ်စုံတစ်ရာကို တွေးနေသည်။ ထို့နောက်မှာမှ [illegible] လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

"လုပ်မပေးနိုင်ပါဘူး… ဂီတသမားတစ်ယောက်က သူ့ရဲ့ဂီတသံစဉ်တွေကို နားပင်းနေသူတစ်ယောက်ရဲ့ အာရုံထဲ ဝင်အောင် လုပ်လို့ မရသလိုပါပဲ…"

လက်ခုပ်သံတွေ ဝေါခနဲထွက်လာသည်။ လက်ဖဝါးတွေ နီရဲကျိန်းစပ်သည်အထိ ကျွန်တော်လည်း လက်ခုပ်တီးခဲ့မိသည်။ အချို့ကတော့ နားမလည်ကြ။ ကျွန်တော်တို့ကိုပင် ရိုင်းပျသလို ကြည့်ကြသည်။ စစ်ဆေးမေးမြန်းချက်တွေက ကုန်ပါပြီ။ ခဏအကြာမှာ တရားသူကြီးက စီရင်ချက်ချ၏။

"ရပ်စကင်က ဗုစ်စလာကို နစ်နာကြေးအဖြစ် ငွေတစ်ကျပ်ပေးစေ၊ ရုံးစရိတ်ကို ဗုစ်စလာက ကျခံစေ…"

သွားပါလေရော…

"ခြသေ့နဲ့ ကျားနဲ့ ကိုက်ကြတာတဲ့ တော်ရေ"

ရပ်ကွက်ထဲက ခေါက်မုန့်သည်ကြီးဆိုလျှင် ထိုသို့ပင် ပြောမည် ထင်ပါသည်။ ပြောမည်ဆိုလျှင်လည်း ပြောစရာပါ။ အမှုရှုံးသွားသည့်အတွက် ရပ်စကင်က နာမည်ပျက်သွားပါသည်။ (တွေးမိလျှင် ရယ်ချင်သည်။ သူများကို မှိုချိုးမျှစ်ချိုး ပြောသွားသည်ကိုး) အောက်စဖို့ဒ်တက္ကသိုလ်မှ အနုပညာပါမောက္ခ ဟူသော ရာထူးကို ခွင့်လွှတ်လိုက်ရသည်။ ဝေဖန်စာတွေကိုလည်း မရေးနိုင်တော့။ ဗုစ်စလာခမျာလည်း အိမ်အပါအဝင် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို ရောင်းချလိုက်ရသည်။ (ဘာမှကို မရှိတော့ဘူး၊ တစ်ပြားမှကို မရှိတော့ဘူး…)

ထိုတရားရုံးမှ အပြန်…

စာရေးဆရာ ဖရန့်ဟဲရစ် (Frank Harris) နှင့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

တွေ့သည်။ သူလည်း ကျွန်တော့်လိုပဲ စိတ်မကောင်းဖြစ်နေသည်။

"တို့ အင်္ဂလန်တရားရုံးတွေဟာ ဒီလို သိမ်မွေ့နက်နဲတဲ့ အနုပညာကိစ္စတွေကို ဖြေရှင်းနိုင်တဲ့ အရည်အချင်း မရှိပါဘူး၊ ဒီကိစ္စကြီးကလည်း မဖြစ်သင့်ဘူး"

ကျွန်တော် မတုံ့ပြန်မိပါ။ ခရစ်နှစ် ၂၀၀၄ ရန်ကုန်မြို့တော်ဆီ ကိုယ့်ဘာသာကိုယ် ပြန်လာနေရပါသည်။ ကြိုးဝိုင်းချင်းမတွေ့၍ ဘယ်လို ထိုးထိုး ဘယ်သူမှ မလဲပါ။ ကိုယ့်ဘာသာ အမောဖောက်ကြတာပဲ ရှိပါသည်။ နဂါးတွေလည်း ပင်လယ်ထဲမှာ ရေငုပ်ရင်း အောက်ဆီဂျင်ကုန်တတ်သလား ဟု ကျွန်တော် စဉ်းစားသည်။ ရယ်စရာ ကြုံရသေး၏။

❐

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်၏ ကျောက်ဖြစ်ရပ်ကြွင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရဲ့
ကျေးဇူးဖြစ်ကြောင်း

တာရာမင်း ၆၀

www.burmeseclassic.com

www.burmeseclassic.com

(၁)

နေဝန်းက ပေါ်ထွက်အံ့မူးမူး ဖြစ်၏။ တမှိုင်းမှိုင်းဝေခဲ့သော နှင်းတို့သည်လည်း ပြယ်လွင့်စပြုပြီ။ မြို့စွန်မှ အကြော်တဲလေးသည် မီးခိုးမျှင်များ လွင့်အူလျက် အသက်ဝင်လာ၏။ အမယ်အိုက ဆီအိုးထဲမှ အကြော်များကို ဆယ်ယူပြီး ဗန်းထဲသို့ ထည့်သည်။ ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးနံဘေးမှာ နှုတ်ခမ်းပဲ့ပန်းကန်လုံးများကို စီရီချလျက် ပင့်သက်တစ်ချက်ကို ရှိုက်ပြီး ညည်းသည်။

"သြော်... ဟိုအဘိုးကြီးနှယ်... မမြင်မကန်းနဲ့ ဘယ်တွေလျှောက်သွားနေပြန်ပြီလဲ မသိဘူး..."

www.burmeseclassic.com

www.burmeseclassic.com

(၂)

ထိုအချိန်မှာ အဘိုးအိုက ဝါးလုံးတိုတစ်ချောင်းကို ထောက်၍ ထောက်၍ လျှောက်ရင်း မြို့ကလေး၏ လမ်းကြိုလမ်းကြားများဆီ ရောက်နေပြီဖြစ်၏။ မှုန်ရီဖျော့အိုင်သော မျက်လုံးများနှင့် ယိုင်နဲ့နဲ့ခန္ဓာကိုယ်ကို ဒရွတ်ဆွဲလျှောက်ရခြင်း ဖြစ်၍ ထင်သလောက် ခရီးမတွင်ပါ။ လမ်းကွေ့တစ်နေရာအရောက်...

"ဟာ... ဒီအဘိုးကြီးက လူကိုတောင် မမြင်ဘူးလား"

"စိတ်မရှိပါနဲ့ကွယ် မျက်စိကောင်းကောင်း မမြင်လို့ပါ အချိန်လည်း မရှိလို့ပါ..."

"အဲဒါဆိုရင်လည်း သတိထားသွား... ကျုပ်ကို ဝင်တိုးတာ အကြောင်းမဟုတ်ဘူး၊ စက်ဘီးကို တိုးမိမှ ခက်နေမယ်"

"နှင်း... နှင်းဆီပန်းကို ဘယ်နားမှာ ရနိုင်မလဲ"

"ဒီနားမှာ ဘယ်လိုလုပ်ရမလဲ... ဈေးထဲကို သွားပေါ့..."

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဈေးထိပ်သို့ ရောက်သောအခါ ဓာတ်တိုင်တစ်တိုင်မှာ မှီတွယ်အားယူရင်း အသက်ကို ပြင်းပြင်းရှူနေမိ၏။ ထို့နောက်မှာမှ ဈေးထဲသို့ တဖြည်းဖြည်း တိုးဝင် လှမ်းလျှောက်သွားရသည်။ ပန်းသည်နှင့် သူမ၏ ဗန်းထဲမှ နှင်းဆီပွင့်ငယ်ကို သူ ဝမ်းသာအားရ မြင်တွေ့လိုက်ရ၏။

"နှင်းဆီပန်း တစ်ပွင့်လောက်"

ပန်းသည်က ကမ်းပေးမည့်ဟန် ပြုပြီးမှ နံ့ချာစုတ်ပြတ်သော သူ့အသွင်အပြင်ကို ကြည့်ကာ...

"ဝယ်တာ ဟုတ်ပါတယ်နော်"

"ဟို... ပိုက်... ပိုက်ဆံတော့မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အို… သွား… သွား… မပေးနိုင်ဘူး… ဘယ့်နှယ် စောစော စီးစီး…"

"နှင်းဆီတစ်ပွင့်တည်းပါကွယ်… အချိန်မမီမှာ စိုးလို့ပါ…"

"မရဘူး… သွား…"

www.burmeseclassic.com

www.burmeseclassic.com

(၄)

အားအင်ချည့်နဲ့စွာ လှည့်ပြန်လာရသော အဘိုးအိုသည် လမ်းကြို လမ်းကြားများဆီသို့ ရောက်လာရပြန်လေသည်။ တစ်နေရာအရောက်တွင် သင်းမြစူးရှိသည့် နှင်းဆီရနံ့ကို တဝေ့ဝေ့ သူ ရှူရှိုက်လိုက်ရ၏။ စိတ်လှုပ် ရှားစွာဖြင့် ငဲ့ကြည့်မိတော့ လမ်းနံဘေး ခြံဝင်းတစ်ခုထဲမှာ နှင်းဆီပန်းများ ကို ဝိုးတဝါး သူမြင်လိုက်ရသည်။ အိပ်မက်မက်ရင်း လမ်းလျှောက်သူ တစ်ယောက်ပမာပင် ထိုနှင်းဆီရုံရှေ့သို့ သူရောက်သွားသည်။ တုန်ယင် သောလက်များကို နှင်းဆီပန်းဆီ အလှမ်း...

"ဟာ... ဟိုအဘိုးကြီး ဘာလာလုပ်တာလဲ သွားစမ်း... အာ... ကဲဟာ..."

"ဝုန်း..."

www.burmeseclassic.com

www.burmeseclassic.com

"အား... ကျွတ်... ကျွတ် နှင်းဆီ တစ်... တစ်ပွင့်လောက်ပါ..."

"ဒီအရွယ်ကြီး ရောက်နေပြီ၊ သူများခြံထဲကို ဝင်ခိုးရလား၊ တော်သေးတာပေါ့ အချိန်မီလို့..."

"မဟုတ်ဘူး... အချိန်... အချိန်မမီမှာ စိုးရတယ်"

"သွားစမ်းပါဗျာ..."

www.burmeseclassic.com

www.burmeseclassic.com

(၅)

သစ်အိုပင်ကြီး တစ်ပင်အောက်မှာ နာကျင်ကိုက်ခဲစွာဖြင့် အဘိုးအို ထိုင်နေမိသည်။ စိုးရိမ်ပူပန်အားလျော့နေသော သူ့မျက်နှာသည် အရေးအကြောင်းတို့ဖြင့် လိပ်ဖွာလျက်။ သက်ပြင်းတစ်ချက်ကို ချသည်။ ပခုံးပေါ်မှ တဘက်အနွမ်းကလေးကို သူ့ရှေ့မြေပြင်မှာ ဖြန့်ခင်းရင်း ဆို့နင့်အက်ကွဲသော အသံဖြင့် (ဝိုင်းအုံကြည့်လာသော မျက်လုံးများကို အားခဲရင်ဆိုင်လျက်...)

"နှင်းဆီပန်းလေးတစ်ပွင့်လောက် ပါရင် စွန့်ကြဲသွားကြပါခင်ဗျာ"

ခေါင်းကို စိုက်ငုံ့ကာ ထိုသို့တွင်တွင် အော်ရင်း မျက်ရည်ပေါက်ကြီးများက တပေါက်ပေါက်ကျ၏။ အတော်ကြီး ကြာပြီးမှ တဘက်အနွမ်းလေးပေါ်သို့ နှင်းဆီပန်းလေးတစ်ပွင့် လွင့်ကျလာသည်။

www.burmeseclassic.com

"အို… နှင်းဆီပွင့်"

ဝမ်းသာအားရဖြင့် လှမ်းယူဆုပ်ကိုင်လိုက်မိ၏။ ရိုးတံမှ ဆူးများထာ သူ့လက်ဖဝါးထဲသို့ နစ်မြုပ်သည်ကို ဂရုမပြုအား။ သန့်မှိုင်းသော မျက်ဝန်းများမှာ အရောင်ဖျော့ဖျော့တို့ တောက်ပလာသည်။

www.burmeseclassic.com

(၆)

အကြော်တဲ့လေးဆီသို့ အဘိုးအို ပြန်ရောက်လာသောအခါ အမေထော် အိုက ဗျစ်တောက်ဗျစ်တောက် ဆို၏။

"အဘိုးကြီး ဘယ်တွေလျှောက်သွားနေတာလဲတော်၊ ကျုပ်မှာဖြင့် စိတ်ပူလို့..."

"အမယ်ကြီးရေ... အဲဒါတွေ ထားလိုက်ဦး တို့အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ..."

"မှတ်မိပေါင်တော်... နှစ်ပေါင်း လေးဆယ်ကျော်ရောပေါ့... ဘာလုပ်မလို့တုံး..."

"ဒီနေ့ မင်းနဲ့ငါ လက်ထပ်တယ်လို့ သဘောထားကွာ... ရော... မင်းအတွက် နှင်းဆီပန်းလေး..."

www.burmeseclassic.com

www.burmeseclassic.com

(၇)

တစ်ခေါင်းလုံး ဖြူဖွေးနေသော အမယ်အိုက တခစ်ခစ်ရယ်လျက် 'ဒီအဘိုးကြီးက ဘာအရူးထတာလဲ မသိဘူး' ဟု ဆိုကာ နှင်းဆီပန်းလေးကို လှမ်းယူ၏။ အဘိုးကြီးက ပြုံးကြည့်နေပြီး...

"ငါ ခဏလှဲလိုက်ဦးမယ်ကွာ..."

စောင်စုတ်ကလေးကို ခြုံလွှမ်းကာ အဘိုးအို လဲလျောင်းလိုက်၏။ 'အချိန်မီလို့ တော်ပါသေးရဲ့' ဟု စိတ်ထဲမှ ရေရွတ်မိသည်။ တစ်ကိုယ်လုံးကို လျှော့ချလိုက်၏။ အသက်ရှူသံက တဖြည်းဖြည်း နှေးကွေးလာပြီး နောက်ဆုံးမှာ ငြိမ်သက်ရပ်တန့်သွားသည်။ သူ့မျက်နှာပေါ်မှာတော့ အပြုံးတစ်စ ခိုတွယ် ကျန်ရစ်ခဲ့လေသည်။

တာရာမင်းဝေ

www.burmeseclassic.com